အတ္တသမ္မာ ပဏိဓိစ တေံ မင်္ဂလ မုတ္တမံ၊ မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၄၈)

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံအမျိုးသားနေ့ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ၂၅ရက်နေ့၌ ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံ၏နိုင်ငံအကြီးအကဲ ရှိတ် ဂျာဘား အယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဒုဋ္ဌဝတီတံတား(နောင်ချို)စီမံကိန်းလုပ်ငန်းများစစ်ဆေး ဒုဋ္ဌဝတီမြစ်ကူးတံတားသက်မှတ်ချိန်ထက်စောပြီးရန်ကြိုးပမ်းတည်ဆောက် တံတားလုပ်ငန်းနှင့်အတူအရေးပါသောလမ်းပိုင်းအခြေအနေအဆင့်မြှင့်တင်ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ဖေဖော်ဝါရီ၂၁ရက်မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

မြန်မာ့ဘောလုံးအားကစားမြှင့်တင်ရေးစီမံပေးလျက်ရှိ လက်ရွေးစင်အသင်းအားလုံးတစ်ပြေးညီအောင်မြင်ရေးကြိုးပမ်း

နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်ပန်းဆင်အနိုင်ရရှိမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာကို ပိုမိုမြင့်မား ထည်ဝါတင့်တယ်စေသည်ဟူသည့် ခံယူချက်နှင့်အညီ မြန်မာ့အားကစားကမ္ဘာကို လွှမ်းစေရမည်ဟူသော မွန်မြတ်မြင့်မားသည့် အန္တိမရည်မှန်းချက်ထားရှိပြီး အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရသည် အားကစားဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များ စနစ်တကျ ချမှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်အမျိုးသားအားကစားမြှင့်တင်ရေးမူဝါဒများ၊စနစ်တကျ ချမှတ်အားပေးဆောင်ရွက်မှုများအပြင် ပြန်လည်ပြီး သွေးသစ်လောင်းဖွဲ့စည်းပေးခဲ့သည့် အားကစားအဖွဲ့ချုပ်များ၏ တက်ကြွသည့် လှုပ်ရှားဆောင်ရွက်မှုများ၊ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ထက်သန်သည့် အားပေးထောက်ကူမှုများ၊ အားကစားသမားမောင်မယ်များ၏ မဆုတ်မနစ်သည့် ကြိုးပမ်းအားထုတ်မှုများနှင့် ပြည်သူများ၏ အားပေးချီးမြှောက်မှုများ ပေါင်းစည်းပြီး ယခုအချိန်အခါတွင် မြန်မာ့အားကစားအဆင့်အတန်း ညှိုးမှိန်နေရာမှ ပြန်လည် ဦးမော့လာနေပြီဖြစ်သည်။

ထိုင်းနိုင်ငံ ဖူးကတ်မြို့တွင် ကျင်းပခဲ့သော ဘင်းမ်စတက်နိုင်ငံများ၏ ပထမအကြိမ် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် လူငယ်လက်ရွေးစင်ဘောလုံးအသင်းအား ဂုဏ်ပြုတည်ခင်းသော ညစာစားပွဲကို ဖေဖော်ဝါရီလ၂၁ရက်နေ့ ညပိုင်းက ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

မြန်မာနိုင်ငံအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင်-

“ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစားစသည့် နယ်ပယ်ကဏ္ဍစုံတွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် နိုင်ငံတကာအလယ်တွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားထည်ဝါစေရန် တစ်မျိုးသားလုံး အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါဖြစ်ကြောင်း၊ ယခုလိုအချိန်အခါမျိုးတွင် အားကစားအောင်နိုင်ရေးကို အမျိုးသားရေးအဖြစ်ခံယူပြီး မြင့်မားသည့် ရည်မှန်းချက်၊ ထက်သန်ပြင်းပြသည့် သန္နိဋ္ဌာန်စိတ်ဓာတ်၊ မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လ၊ ဝီရိယတို့နှင့် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း”

ပြောကြားသွားသည်။

နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်း အောင်ပန်းဆင်အနိုင်ရရှိစေရေးအတွက် မြန်မာတစ်မျိုးသားလုံးက ဆန္ဒပြင်းပြစွာ မျှော်လင့်တောင့်တအားပေးချီးမြှောက်နေသည့် အချိန်အခါတွင် မြန်မာလူငယ် ဘောလုံးအသင်းများအနေဖြင့် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ၊ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲတို့တွင် ပထမဆုဖလားကြီးများ ဆွတ်ခူးအောင်ပန်းဆင်နိုင်ခဲ့ခြင်းသည် မြန်မာလူငယ်ဘောလုံးလက်ရွေးစင်အားကစားသမားများအတွက် သာမက မြန်မာတစ်မျိုးသားလုံးက အားရဂုဏ်ယူဖွယ်ဖြစ်သည်။

မြန်မာလူငယ်လက်ရွေးစင်အသင်းများအနေဖြင့် ၂၀၀၂ခုနှစ်တွင် ပထမအကြိမ် အာဆီယံအသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ၊ ၂၀၀၃ခုနှစ်တွင် ပထမအကြိမ် အာဆီယံအသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ၊ ၂၀၀၄ခုနှစ်တွင် ပထမအကြိမ် ဘင်းမ်စတက် အသက်(၁၈)နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲများတွင် ပထမဆုဖလားကြီးများကို ထိုက်ထိုက်တန်တန်ဆွတ်ခူးနိုင်ခဲ့ခြင်းသည် မြန်မာလူငယ်ဘောလုံးအသင်းအတွက် အောင်မြင်မှုသမိုင်းမှတ်တိုင်များဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက မြန်မာ့ဘောလုံးအားကစား အဆင့်မြှင့်တင်ပေးရေး အစီအမံများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့်အလျောက် လက်ရွေးစင်ဘောလုံးအသင်းများအားလုံး တစ်ပြေးညီ အောင်မြင်မှုများရရှိအောင် ဆက်လက် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဘက်စုံပြန်လည်ပြင်ဆင်မွမ်းမံရေး အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ မကြာမီကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြန်လည်ပြင်ဆင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကြီး နှစ်ရပ်အနက် ပထမလုပ်ငန်းဖြစ်သော စက်တော်ရာတန်ဆောင်းကို ပြုပြင်ခဲ့ပြီး ဖြစ်သည်။ ယခင်က ရင်ပြင်တော်သည် ကျဉ်းမြောင်းပြီး အမိုးမရှိသဖြင့် ဘုရားဖူးများ သွားလာရေးအခက်အခဲနှင့် အရိပ်အာဝါသ မရှိမှုများသည် ယခုအခါ အစစအရာရာ အဆင်ပြေပြီး ဘုရားဖူးလာ ရဟန်းသံဃာ၊ လူပရိသတ်များ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ကြပြီဖြစ်သည်။

ယင်းလုပ်ငန်းကြီး နှစ်ရပ်အနက် ဒုတိယလုပ်ငန်းဖြစ်သည့် ဘုရားကြီးကိုးဆူတန်ဆောင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ရန် ကျန်ရှိနေသဖြင့် ယခုအခါ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ ဘုရားကြီးကိုးဆူတန်ဆောင်း မြောက်ဘက်နံရံနှင့် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးမှာ သုံးပေခန့်သာကွာဝေးသဖြင့် ကိုးပေခန့်ကျယ်ဝန်းသွားစေရေးအတွက် ဘုရားကြီးကိုးဆူတန်ဆောင်းကို တိုးချဲ့ဆောင်ရွက်လျက် ရှိသည်။ ထို့အပြင်စေတီတော်မြတ်ကြီးတောင်ဘက်တွင် စက်တော်ရာတန်ဆောင်းကဲ့သို့ ၁၁ပေအနံရှိမည့် အာရုံခံ အခန်းတစ်ခန်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ရာ ဆောင်ရွက်ပြီးစီးပါက ဘုရားဖူးလာ ရဟန်း သံဃာ၊ လူပရိသတ်များအနေဖြင့် ရင်ပြင်ကျယ်ကျယ် အရိပ်အာဝါသအောက်တွင် အဆင်ပြေ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ကြမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

သို့ပါ၍ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြန်လည် ပြင်ဆင် မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် ပထမအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကိုမကြာမီကျင်းပမည်ဖြစ်ရာ အလှူရှင်များ အနေဖြင့် ဖုန်း-၂၉၀၄၂၅၊ ၂၄၅၅၉၅၊ ၂၄၅၆၁၅၊ ၂၄၅၆၀၉၊ ၂၄၅၆၁၉နှင့် ၂၄၅၆၂၄ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်း ပထမသီရိရိပ်သာတိုက် ၁၇၀/၂၊ အခန်း-၅ နေဦးမြထွန်း(နိုင်ငံခြားရေးဝန်ကြီးဌာန၊ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူး)နှင့် မိသားစုတို့က သက်ပြည့်အငြိမ်းစားဆုငွေများမှ ဘိုးဘွားများအတွက် ဆေးပဒေသာပင်ငွေကျပ်တစ်သိန်းအား နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လာရောက်လှူဒါန်းစဉ်။

(က-ပ)

ရေကူးမြို့မ ကျောင်း ဦးတိလောက(ပွင့်ဖြူ) မိုးကုတ်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့ ကမ္ဘာအေး ရေကူးမြို့မကျောင်းမှ သာသနာပြု နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဦးတိလောက (ပွင့်ဖြူ) ဆရာတော်သည် နတ်တလင်းမြို့နယ် သရက်တောကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ တပေါင်းလဆန်း ၈ ရက်မှ ၁၄ ရက် (ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၄ ရက်အထိ) ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဂုဏာဘိပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဆရာတော်ကြီး တစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါး၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတဆရာတော်တစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် သုံးပါးနှင့် အခြားသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၁ပါး၊ စုစုပေါင်းဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၉ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးတို့ကို ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့မှ ကြီးမှူးပြီး (၁၇)ကြိမ်မြောက် ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ်ဖ၇ရက် (စနေနေ့)နံနက် ၈နာရီတွင်အာဇာနည်ဗိမာန်လမ်း ရခိုင်ပြည်နယ် ဓမ္မာရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သဖြင့် ကြွရောက်ကြည်ညို ပူဇော်နိုင်ကြောင်း သိရသည်။

(က-ပ)

အမှာစကားပြော

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာရက်တို သင်တန်းအမှတ်စဉ် (၁/၂၀၀၄) ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၃ ရက်က ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေးစီမံကိန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

❑ ရှေ့ဖုံးမှ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဒုဋ္ဌဝတီတံတား(နောင်ချို)နှင့် စပ်လျဉ်း၍ ရှေးဦးစွာ ရှင်းလင်းတင်ပြပြီး တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၄) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက တံတားဆောက်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ သတ်မှတ်ကာလပြီးစီးအောင် စတင်ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အတိုဆုံးလမ်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချို ကားလမ်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့ကို ပေါင်းကူးဆက်စပ်ပေးသော လမ်းများအနက် ခရီးမိုင်အတိုဆုံးလမ်းဖြစ်ကြောင်း။

ဤလမ်းပေါ်၌ ဒုဋ္ဌဝတီမြစ်ကူးတံတားကို တည်ဆောက်မည်ဖြစ်ရာ တံတားအရွယ်အစားငယ်သော်လည်း အစစသတိထား၍ ခိုင်ခံ့အောင်၊ သတ်မှတ်ချိန်ထက်စောပြီးအောင် ကြိုးပမ်းတည်ဆောက်သွားကြရန်ဖြစ်ကြောင်း။

တံတားလုပ်ငန်းနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုဖွံ့ဖြိုးရေးတို့အတွက် အဓိကအရေးပါသော လမ်းပိုင်းအခြေအနေကိုလည်း ပိုမိုချောမွေ့ကောင်းမွန်အောင် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်နေမှုကိုလည်းကောင်း၊ ဒုဋ္ဌဝတီမြစ်နှင့် ပတ်ဝန်းကျင်အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဒုဋ္ဌဝတီတံတား(နောင်ချို)မှာ ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချို ကားလမ်းပေါ်တွင် တည်ရှိသည့် တံတားဖြစ်သည်။

တံတားကို သံကူကွန်ကရစ်ရက်မ ကြမ်းခင်းခြောက်ခန်းနှင့် RPT သံပေါင်တစ်ခန်းတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

ခွင့်ပြုတန်ချိန် ၆၀

တံတား၏ စုစုပေါင်းအရှည်မှာ ၄၆၈ ပေရှိမည်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် တစ်ဖက်လျှင်သုံးပေစီကျယ်သည့် လူသွားလမ်းပါရှိမည်ဖြစ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်တန် ၆၀ ခံနိုင်သည့် တံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

ဒေသခံများကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့သို့ ရောက်ရှိကြရာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ သိန္နီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

(သတင်းစဉ်)

မျက်စိအထူးကုအဖွဲ့ လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏စီစဉ်မှုဖြင့် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခဒေါက်တာကံညွှန့် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ ဧရာဝတီတိုင်း ဖျာပုံမြို့သို့သွားရောက်၍ မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးရာ မျက်စိအထူးကုဆရာဝန်များဖြစ်ကြသော ဒေါက်တာအေးအေးခိုင်၊ ဒေါက်တာမိုးကျော်၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာလှကေသီ၊ ဒေါက်တာကေသီမြင့်နှင့် သူနာပြုဆရာမများ ဖြစ်ကြသော ဒေါ်အေးအေးမြင့်၊ နော်လွဲကပေါ်၊ ဒေါ်စောဥမ္မာတင်တို့ ပါဝင်သည့် အဖွဲ့က ဖျာပုံခရိုင် ဆေးရုံကြီးတွင် မျက်စိဝေဒနာရှင်လူနာပေါင်း ၅၃၆ ဦးတို့အား စမ်းသပ်ကြည့်ရှုကုသပေးကြပြီး အတွင်းတိမ် ရောဂါ ဝေဒနာရှင်ပေါင်း ၁၅၂ ဦးတို့အား အတွင်းတိမ်ခွဲ၊ မှန်ထည့်၍ အခမဲ့ခွဲစိတ်ကုသပေးကြသည်။ အဆိုပါအဖွဲ့ကို ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ ဖျာပုံခရိုင် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်သိန်းနှင့် ဆေးရုံဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် ဖျာပုံခရိုင် စက္ခုဒါန ထာဝရအသင်းဝင်များက လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းသားလူငယ် လက်ရည်ပန်းချီပြပွဲရက်တိုးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

Sun Flower Kids ပန်းချီပြပွဲ ကျောင်းပေါင်းစုံ ကျောင်းသားလူငယ်အချို့တို့၏ ရေဆေး၊ ပါစတယ်၊ အင်စတော်လေးရှင်း၊ ကော်လာ့ဂျ်စသည့် ပန်းချီကားမျိုးစုံ ကားအချပ်ပေါင်း ၄၀၀ ဖြင့် ဖေဖော်ဝါရီ ၁၈ ရက်တွင် စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများကြီးကြပ်ရေးအဖွဲ့က ဖွင့်လှစ်ပေးခဲ့သည်။

ပြပွဲကို ဖေဖော်ဝါရီ ၂၄ ရက်အထိ တစ်ပတ်ကြာ ပြသခဲ့ရာတွင် ပန်းချီကားပေါင်း ၆၀ ရောင်းချခဲ့ရပြီး ပန်းချီကားတစ်ချပ်လျှင် ကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀ အထိ ဖြစ်သည်။

ပြပွဲကို အများပြည်သူများ ကြည့်ရှုနိုင်ရန် သုံးရက် ထပ်မံတိုး၍ ဖေဖော်ဝါရီ ၂၇ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅နာရီခွဲအထိ Insight Art Gallery ရွှေဂုံတိုင်လမ်းမကြီး (အလယ်) ဗဟန်းမြို့နယ် ဗာဒံပင်မှတ်တိုင်တွင် လာရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။ **(က-ပ)**

(၅၉) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းကြီးများ တည်းခိုစခန်းများ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၄

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် (၅၉)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ကြောင်းကြီးများ တည်းခိုနေထိုင်လျက်ရှိသည့်စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ သည် ညနေ ၃ နာရီတွင် အောင်ဆန်းစစ်ကြောင်းတည်းခိုနေထိုင်လျက်ရှိသည့် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိလာရာ (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊ အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ အောင်ဆန်းစစ်ကြောင်း စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၏ စစ်ရေးလေ့ကျင့်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စစ်ရေးပြ အရည်အသွေးမြင့်မားရေး ကျန်းမာကြံ့ခိုင်ရေး၊ သတ်မှတ်ထားသည့် စည်းကမ်းများလိုက်နာပြီး ရဲဘော်ရဲဘက်စိတ် အပြည့်အဝဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အောင်ဆန်းစစ်ကြောင်းမှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ အိပ်ဆောင်၊ စားရိပ်သာ၊ မီးဖိုဆောင်နှင့် ရိက္ခာဆောင်များကိုလည်းကောင်း၊ အောင်ဆန်းစစ်ကြောင်းမှ ဆက်သံရေးစခန်း၌ ဖတ်ရှုလေ့လာနိုင်ရန် မှတ်တမ်းဓာတ်ပုံများ၊ သတင်းစာများ၊ မဂ္ဂဇင်းစာစောင်များ ပြသထားမှု အခြေအနေကိုလည်းကောင်း၊ သက်သာချောင်ချိရေး အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် နဝဒေးစစ်ကြောင်း တည်းခိုနေထိုင်လျက်ရှိသည့် ဧရာဝတီရေတပ်စခန်းဌာနချုပ်သို့ရောက်ရှိရာ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း၊ နဝဒေးစစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်သော်၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦးနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ တည်းခိုနေထိုင်လျက်ရှိသည့် နဝဒေးစစ်ကြောင်းမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၏ အိပ်ဆောင်များ၊ ဆေးပေးခန်း၊ စားရိပ်သာ၊ မီးဖိုဆောင်၊ ရိက္ခာဆောင်နှင့် သက်သာချောင်ချိရေး အရောင်းဆိုင်များကိုလည်းကောင်း၊ နဝဒေးစစ်ကြောင်း ဆက်သံရေးစခန်း၌ ဖတ်ရှုလေ့လာမှတ်သားနိုင်ရန် မှတ်တမ်းဓာတ်ပုံများ၊ သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်များ ခင်းကျင်းပြသထားမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နဝဒေးစစ်ကြောင်းမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၏ စစ်ရေးပြလေ့ကျင့်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ကြောင်းကြီးများမှ အရာရှိ၊ အရာခံ၊အကြပ်၊စစ်သည်များ ကျန်းမာရေးနှင့် ညီညွတ်စေရန် စားရိပ်သာ၊ အိပ်ဆောင်၊ မီးဖိုဆောင်နှင့် သက်သာချောင်ချိရေးအရောင်းဆိုင်များ သန့်ရှင်းသပ်ရပ်စေရေး အလေးထားဆောင်ရွက်ကြရန်နှင့် စစ်ရေးပြလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျလေ့ကျင့်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာ သတင်းများ

ကယ်ကွတ်မြို့အနီးရှိရဲစခန်း ပုံးခွဲတိုက်ခိုက်ခံရ
အီရတ်ရဲတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရှိ

ဖေဖော်ဝါရီ ၂၃ ရက်က ကယ်ကွတ်မြို့ရဲစခန်းကို အသေခံကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို အီရတ်တို့ ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကယ်ကွတ် ဖေဖော်ဝါရီ ၂၄

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့၏အနီး ကာ့ဒ်ဒေသရှိ ရဲစခန်းတစ်ခု၌ ဖောက်ခွဲရေးပစ္စည်းများ တင်ထားသော ကားတစ်စီးကို အသေခံဗုံးခွဲသူနှစ်ဦးက တနင်္လာနေ့၌ ဖောက်ခွဲတိုက်ခိုက်သဖြင့် ရဲအဖွဲ့ဝင် ၁၀ ဦး သေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရသည်ဟု ရဲအဖွဲ့နှင့် ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်များက ပြောကြားသည်။

အဇာဒီဆေးရုံမှ ဆရာဝန် ဟာရှင်မိုဟာမက်က ပေါက်ကွဲမှုကြောင့် ဗုံးဖောက်ခွဲသူနှစ်ဦးလည်း မီးလောင်သေဆုံးသွားပြီး ဒဏ်ရာရသူ ၄၅ဦးအနက် အများစုမှာ အကြီးအကျယ်ထိခိုက် အနာတရဖြစ်ခဲ့သည်။

ဖြစ်ပွား

ကယ်ကွတ်အနီး ဒေသဖြစ်သော ရာဟီမာဝါ၌ ဖြစ်ပွားသည့် တိုက်ခိုက်မှုသည် ရဲအဖွဲ့ဝင် ၄၀၀ တာဝန်လွှဲပြောင်းချိန်နံနက် ၈ နာရီ၌ ဖြစ်ပွားခဲ့ကြောင်းရဲစခန်းအကြီးအကဲ ဗိုလ်မှူးကြီး အဒယ်လ်ဇိန်အယ်လ်အဘာဒင် အီဘရာဟင်က ပြောကြားသည်။

လူနှစ်ဦးသည် အဖြူရောင်ကားတစ်စီးကို မောင်းလာပြီး ကားကိုဖောက်ခွဲခဲ့ကြောင်း တပ်ကြပ် မိုဟာမက်မော်ကာဒါက ပြောကြားသည်။

ရဲစခန်းအနီးရှိ လူနှစ်ဦးကို စစ်မေးရန် ဖမ်းဆီးထားခဲ့ကြောင်းနှင့် ပေါက်ကွဲမှုနှင့် ဆက်စပ်သော နောက်ထပ်ကားနှစ်စီးကို ရဲက ရှာဖွေနေကြောင်း အီဘရာဟင်က ပြောကြားသည်။

တိုက်ခံရ

အာရပ်များ၊ ကာ့ဒ်များနှင့် တာ့ခ်မင်များနေထိုင်သော ကယ်ကွတ်မြို့တွင် ရဲအဖွဲ့နှင့် ပြည်သူ့စစ်တပ်ဖွဲ့တို့သည် အမေရိကန်ဦးဆောင်သောအပေါင်းပါ တပ်ဖွဲ့များနှင့်အတူ နေ့စဉ်အတိုက်ခံနေကြရသည်။ **(အင်တာနက်)**

အီရတ်စစ်ပြန် ဗြိတိသျှတပ်ဖွဲ့ဝင် ခုနစ်ဦး ကိုယ့်ကိုယ်ကိုသတ်သေခဲ့ဟု သတင်းစာ၌ဖော်ပြ

လန်ဒန် ဖေဖော်ဝါရီ ၂၄

အီရတ်ကိုဆင်နွှဲသော စစ်ပွဲကြီးပြီးဆုံးချိန်မှစပြီး ဗြိတိသျှတပ်ဖွဲ့ဝင် ခုနစ်ဦးသည် ကိုယ့်ကိုယ်ကိုသတ်သေသွားပုံရကြပြီး တပ်ဖွဲ့ဝင် ၁၁၉ ဦးကို စိတ်ရောဂါအခြေအနေ ဆိုးရွားပြင်းထန်မှုကြောင့် ပင်လယ်ကွေ့မှနေ၍ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန၏ တနင်္လာနေ့၌ သတင်းထုတ်ပြန်ချက်ကို ဗြိတိသျှတယ်လီဂရပ်ဖ်က ကိုးကားဖော်ပြလိုက်သည်။

ကိုယ့်ကိုယ်ကို သတ်သေသူ ခုနစ်ဦးတွင် လက်နက်အင်ဂျင်နီယာတစ်ဦးလည်းပါဝင်ပြီး ၎င်းသည်ပြီးခဲ့သည့်နှစ် ဇွန်လ၌ သူ့ကိုယ်သူ ပစ်သတ်ပြီး သေဆုံးသွားခဲ့သည်။ တာဝန်ပြီးဆုံး၍ နေအိမ်သို့ ပြန်ရောက်ပြီး ခုနစ်ပတ်အကြာ၌ သတ်သေခဲ့ခြင်း ဖြစ်သည်။

ထိန်းချုပ်ထား

အီရတ်မှ ပြန်ရောက်ပြီးနောက် အခြားသေဆုံးသူ ခြောက်ဦးအနက်မှ ငါးဦး၏ သေမှုသေခင်းကို ယခုထိ ထိန်းချုပ်ထားကြောင်း သတင်းစာက ရေးသားသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များ သေဆုံးမှုအရေအတွက် မြင့်မားမှုနှင့်ပတ်သက်၍ ဗြိတိသျှဥပဒေပြု အမတ်များက အစိုးရအဖွဲ့သည် အမေရိကန်ဦးဆောင်သော စစ်ပွဲ၌ ပါဝင်တိုက်ခိုက်သူများကို ဂရုစိုက်ရန် ပျက်ကွက်ကြောင်း ပြောဆိုခဲ့သည်။

၅၉ ဦး

ဗြိတိန်သည် အီရတ်စစ်ပွဲနှင့် ပူးပေါင်းရန် ပင်လယ်ကွေ့သို့ တပ်ဖွဲ့ဝင် ၄၅၀၀၀ ခန့် စေလွှတ်ထားရာ အီရတ်၌ တပ်ဖွဲ့ဝင် ၉၀၀၀ ခန့် ရှိနေဆဲဖြစ်သည်။ အီရတ်စစ်ပွဲ စဖြစ်ချိန်မှစပြီး ပင်လယ်ကွေ့၌သေဆုံးသော ဗြိတိသျှတပ်ဖွဲ့ဝင် ၅၉ ဦး ရှိပြီဖြစ်သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဖေဖော်ဝါရီ ၂၃ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ အဆောက်အအုံတစ်ခုအတွင်း ဝင်ရောက်စစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်အနောက်ဘက်၌ လမ်းဘေးဗုံးပေါက်ကွဲ အီရတ်ရဲနှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံအတွင်းရှိ ရဲစခန်းများကို ပစ်မှတ်ထား တိုက်ခိုက်မှုများ ပြီးခဲ့သော ရက်သတ္တပတ်အတွင်း ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် တနင်္ဂနွေနေ့က လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် ကားပေါ်တွင် လိုက်ပါလာသော အီရတ်ရဲအရာရှိနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အီရတ်မြောက်ပိုင်းမိုဆူးလ်မြို့တွင်လည်း စနေနေ့က ရဲအရာရှိတစ်ဦး နေအိမ်ကို သေနတ်သမားနှစ်ဦးက လက်နက်များဖြင့် ပစ်ခတ်မှုဖြစ်ပေါ်ခဲ့သည်။

၎င်း ရဲအရာရှိက သေနတ်သမားများကို ပြန်လည်ပစ်ခတ်ခဲ့ရာ သေနတ်သမားတစ်ဦး သေဆုံးခဲ့သည်။ဘဂ္ဂဒက်မြို့ တောင်ပိုင်း ကီလိုမီတာတစ်ရာခန့်အကွာ ဟာရက်ခ်မြို့အနီးတွင် အဖျက်သမားများက ရေနံပိုက်လိုင်းတစ်ခုကို ဖျက်ဆီးခဲ့မှုကြောင့် ရေနံပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပေါ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

(အင်အိပ်ချ်ကေ)

အီရတ်ကို အမေရိကန်တို့ စစ်ရေးအရကျူးကျော်ထားသမျှ အုပ်ချုပ်ရေးလွှဲပြောင်းရန်ကိစ္စ မဖြစ်နိုင်ဟု ရုရှားပြောကြား

မော်စကို ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်ပြီး စစ်ရေးအရသိမ်းပိုက်မြဲသိမ်းပိုက် ထားစဉ်အတွင်း နိုင်ငံတဝန်းလုံး၌ အုပ်ချုပ်ရေးလွှဲရန်အတွက် ရွေးချယ်ပွဲများလုပ်မည့်ကိစ္စမှာ မဖြစ်နိုင်ကြောင်း ရုရှားနိုင်ငံက စနေနေ့၌ ပြောကြားလိုက်သည်။

အချို့သော ရွေးချယ်မှုများသည် ဘက်ပေါင်းစုံက အသေအချာ ပြင်ဆင်မှုများ လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ရာ အီရတ်သိမ်းပိုက်မှု အခြေအနေအောက်တွင် ထိုကဲ့သို့ ပြင်ဆင်မှုများဆောင်ရွက်ရန်ကိစ္စကို စဉ်းစားရခက်ကြောင်း လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ယူရီဖီဒိုတော့ဖ်က ပြောဆိုသည်။

ထိုသို့ဆိုသော်လည်း အီရတ်၌ နိုင်ငံတစ်ဝန်းလုံးတွင် ရွေးချယ်ပွဲများကျင်းပ ရန်မှတစ်ပါး အခြားရွေးချယ်စရာမရှိရာ အနေးနှင့် အမြန်ကျင်းပရမည်ဖြစ်သည်ဟု ဖီဒိုတော့ဖ်က ပြောကြားသည်။

၎င်းက လက်ရှိအခြေအနေအရ အီရတ်တွင် လုပ်ငန်းဆောင်ရွက်ရန် ငြင်းထားသော ကုလသမဂ္ဂအား အီရတ်တွင် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်ရန် တိုက်တွန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ

လူဝင်အိပ်နိုင်သောအိတ်များ မလုံလောက်၍ နှင်းကိုက်နာဖြစ်ရ ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနကို မကျေနပ်၍ တိုင်တန်း

လန်ဒန် ဖေဖော်ဝါရီ ၂၃

အနွေးထည်ခံထားပြီး လူဝင်အိပ်နိုင်သော အိတ်များမလုံလောက်မှုကြောင့် နှင်းကိုက်နာဖြစ်စေကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန(အမ်အိုဒီ)အပေါ် မကျေနပ်၍တိုင်တန်းပြောဆိုမှုများ ထွက်ပေါ်နေချိန်အတောအတွင်းမှာပင် ဗြိတိသျှမရိန်းတပ်ဖွဲ့ဝင် ၈၀ သည် သင်တန်းပြီး၍ နော်ဝေးနိုင်ငံမှ အိမ်သို့ပြန်ရောက်လာကြကြောင်းသည် မေးလ်သတင်းစာက တနင်္ဂနွေနေ့၌ ရေးသားဖော်ပြလိုက်သည်။

နော်ဝေးနိုင်ငံတွင် ရေခဲအပူချိန်ကို ဖြေရှင်းနိုင်ရန်အတွက် မရိန်းတပ်ဖွဲ့ဝင်အချို့က ကိုယ်ပိုင်အိတ်များယူလာခဲ့ကြသည်ဟု သတင်းစာက ရေးသားသည်။

ထို့ပြင် သတင်းစာက နော်ဝေးစစ်တပ်အကြီးအကဲ ဗိုလ်မှူးကြီးလားစ်ဆန်းနက်စ်က ဗြိတိသျှမရိန်းတပ်ဖွဲ့များ၏ အိတ်များသည် သိပ်မကောင်းကြောင်း ပြောဆိုသည်ဟု ရေးသားသည်။ သတင်းစာ၌ ဖော်ပြချက်အရ ဒဏ်ရာရရှိသော ဗြိတိသျှတပ်ဖွဲ့ဝင်များနှုန်းသည် စစ်ဘက်အကြီးအကဲများ အတွက် စိတ်အနှောင့်အယှက်ဖြစ်မှု အသစ်တစ်ခုဖြစ်ကြောင်းသတင်းစာကရေးသားသည်။

ဗြိတိသျှစစ်ဘက်အကြီးအကဲများသည် အီရတ်၌ရှိသောတပ်ဖွဲ့ဝင်များအတွက် စစ်အသုံးအဆောင်ပစ္စည်းကိရိယာများ မလုံမလောက်ဖြစ်ခြင်းအတွက် စွပ်စွဲခြင်းခံထားကြရပြီးဖြစ်သည်။

ဇန်နဝါရီလထဲ၌ ဗြိတိသျှကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်းသည် ကျည်ကာအင်္ကျီမလုံလောက်မှုကြောင့် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင်သေဆုံးခဲ့ရခြင်းအတွက် တောင်းပန်ခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

ရန့်ထည့်သွင်းနိုင်သော အီးမေးလ်ပို့နည်း တီထွင်

လန်ဒန် ဖေဖော်ဝါရီ ၂၄

ယခင်က အင်တာနက်တွင် အီးမေးလ်များပေးပို့ရာ၌ သာမန်စာပို့နည်းဖြင့်သာ ဆောင်ရွက်ခဲ့ပြီး ယခုအခါတွင် ရန့်ပါထည့်သွင်းနိုင်သော အီးမေးလ်ပို့နည်း တီထွင်နိုင်ပြီဖြစ်သည်။ ယင်းစနစ်၌ အသုံးပြုနေကျမင်ကို မသုံးဘဲ လတ်ဆတ်သော ပန်းရနံ့မှသည် ဖုတ်ပြီးစ ပေါင်မုန့်အနံ့အထိ ထည့်သွင်းထားသည့် အရည်ကို အသုံးပြုထားသည်။ ၎င်းအရည်ကို အပူပေးခြင်းဖြင့်ရနံ့ထွက်ပေါ် လာခြင်းဖြစ်ပြီး ဗြိတိန်နိုင်ငံ၌ ပထမဆုံးရနံ့ပါ အီးမေးလ်ပေးပို့နည်းစနစ်ကို တပ်ဆင်ထားပြီဖြစ်ကာ သမားရိုးကျ အီးမေးလ်ပို့နည်းမှ ရနံ့ပါ အီးမေးလ်ပို့နည်းသို့ ပြောင်းလဲလိုသူများအတွက် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။ (စီအင်န်အင်န်)

အီရတ်၌ ပုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား
အမေရိကန်တို့ကို အီရတ်တို့ဆန့်ကျင်ဆန္ဒပြ
အီရတ်လုံခြုံရေး မတည်မငြိမ်ဖြစ်နေ

မြန်မာ့အလင်း အီရတ်စစ်မြေပြင်မြင်ကွင်း



အီရတ်နိုင်ငံတစ်ဝန်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၊ ၎င်းတို့နှင့်ပူးပေါင်းသူများကို အီရတ်ခုခံရေးသမားများက ဆက်လက်တိုက်ခိုက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်က အီရတ်နိုင်ငံ ကယ်ကွတ်မြို့အနီးရှိရဲစခန်းတစ်ခုကို အသေခံ ကားပုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အပျက်အစီး

ဖေဖော်ဝါရီ ၂၃ ရက် က ကယ်ကွတ်မြို့ အနီး အီရတ်ရဲစခန်း ကားပုံးခွဲ တိုက်ခိုက်ခံရပြီးနောက် အပျက်အစီးများ ကို ရှင်းလင်းနေသော အီရတ်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်းဆိုဆန္ဒပြ

ဖေဖော်ဝါရီ ၂၃ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ စောင့်ကြပ်လျက်ရှိသော အက်ဖ်ပီအက်ဖ် ရုံးဌာနချုပ်ရှေ့၌ အီရတ်ရဲတပ်ဖွဲ့ဝင်များက ၎င်းတို့၏ လိုလားချက်များကို တောင်းဆိုဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၃ ရက်က ဘဂ္ဂဒက်မြို့ ရဲစခန်းအဝင်၌ အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးတင်းကျပ်စွာ စောင့်ကြပ်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြန်လည်ထွက်ခွာ

ဖေဖော်ဝါရီ ၂၁ ရက်က အီရတ်နိုင်ငံမှ တပ်လဲလှယ်ပြန်လည်ထွက်ခွာသွားသော အမေရိကန်စစ်ယာဉ်တန်းကို ကူဝိတ်တောင်ပိုင်း အဝေးပြေးလမ်းမကြီးပေါ်၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့လယ်ပရိယတ္တိစာသင်တိုက် သာသနဓဇောတိက သိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားဆောင်ကို တွေ့ရစဉ်။ (သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့လယ်ပရိယတ္တိစာသင်တိုက် သာသနဓဇောတိက သိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားဆောင် ရေစက်ချလှူဒါန်းပွဲနှင့် လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား လှူဒါန်းပွဲအခမ်းအနားတွင် သာသန ဟိတကာရီ သီလရှင်စာသင်တိုက်မှ ပြည်နယ်သီလရှင်အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ ဆရာကြီး ဒေါ်ကေသီထံ လားရှိုးမြို့ပေါ်ရှိ သီလရှင်ကျောင်းတိုက်များမှ သီလရှင်များအတွက် ဝတ်စုံများနှင့် ဆန်၊ ဆီ၊ ဆားတို့ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

▼ **ကျောဖုံးမှ**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ပြည်နယ် သာသနာရေးမှူး ဦးထွန်းထွန်းက ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး စောင်းဦးညိုဝင်းနှင့် အဆိုတော် ဦးစန်းမောင်တို့က ရောင်ခြည်တော်ဘွဲ့သီချင်းခန့် သုံးပိုဒ်ဖြင့် သီကျူးပူဇော်ကြသည်။

ထို့နောက် မြို့လယ် ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကိုလည်း နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က သာသနဓဇောတိက သိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်တို့နှင့် ဆက်စပ်သည့် စာရွက်စာတမ်းများကို မြို့လယ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ပရိက္ခရာရှစ်ပါးတို့ကိုလည်းကောင်း၊ လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆားတို့ကိုလည်းကောင်း၊ မြို့လယ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အား ဆက်ကပ်လှူဒါန်းကြသည်။

သီလရှင်ဝတ်စုံ၊ဆန်၊ဆီ၊ဆားလှူ

ထို့နောက် လားရှိုးမြို့ပေါ်ရှိ သီလရှင်ကျောင်းတိုက်များမှ သာသနာ့နွယ်ဝင် သီလရှင်များအတွက် သီလရှင်ဝတ်စုံများနှင့် ဆန်၊ ဆီ၊ ဆားတို့ကို ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက သာသနဟိတကာရီ သီလရှင်စာသင်တိုက်မှပြည်နယ် သီလရှင်အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ ဆရာကြီး ဒေါ်ကေသီအား လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အဖွဲ့ဝင်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ပရိက္ခရာရှစ်ပါးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချအမျှဝေ

ဆက်လက်၍ မြို့လယ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်က အနုမောဒနာနှင့် ရေစက်ချဆရာတော်အား ဆက်ကပ်လှူဒါန်းကြသည်။

တရားတော် ချီးမြှင့်ရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများနှင့် မြို့လယ် ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သာသနဓဇောတိက သိမ်တော်၏ ကမ္ပည်းမော်ကွန်းကျောက်စာပြားကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြပြီး သိမ်တော်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖူးမြော်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ မြို့လယ်ပရိယတ္တိစာသင်တိုက် သာသနဓဇောတိက သိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားဆောင်ရေစက်ချလှူဒါန်းပွဲနှင့် လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသူနာပြုအသင်း သူနာပြုညီလာခံကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ သူနာပြုအသင်း (၄၉) ကြိမ်မြောက် သူနာပြုညီလာခံ အခမ်းအနားကို အပိုင်းသုံးပိုင်းခွဲ၍ကျင်းပရာ ပထမပိုင်းအား ယနေ့နံနက် ၉ နာရီတွင် သူနာပြု တက္ကသိုလ်ခန်းမ၌ စတင်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါ်အီးဘာဘရိက ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို) အတွင်းရေးမှူး ဦးခင်မောင်ဝင်းက ဆောင်ရွက်သည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ(သူနာပြု)၊ ဒုတိယညွှန်ကြားရေးမှူးများ(သူနာပြု)၊ပြည်နယ်နှင့်တိုင်း ကျန်းမာရေးဦးစီးဌာနများမှ လက်ထောက် ညွှန်ကြားရေးမှူးများ (သူနာပြု)၊ သူနာပြုအုပ်များ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးများ၊ ရန်ကုန်မြို့ရှိ သူနာပြုသင်တန်းကျောင်းများနှင့်နည်းပြများ၊ ကျောင်းသူများ၊ ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်း တာဝန်ခံ ဆရာမကြီးနှင့် နည်းပြများ၊ ညီလာခံကိုယ်စားလှယ် သူနာပြုများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်အီးဘာဘရိကအဖွင့်အမှာစကားပြောကြားသည်။ထို့နောက် အလှူရှင်များကို အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

အစီအစဉ်အရ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ သူနာပြုအသင်း (ဗဟို)ဒုတိယဥက္ကဋ္ဌ(၃)ဒေါ်ခင်မေဝင်းကလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးခင်မောင်စိုးက အခမ်းအနားမှူးအဖြစ်လည်းကောင်း ဆောင်ရွက်သည်။

ရှေးဦးစွာ အသင်းအတွင်းရေးမှူး ဦးခင်မောင်ဝင်းက အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာကိုလည်းကောင်း၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ခင်စန်းက နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းကိုလည်းကောင်း အသီးသီး တင်ပြကြရာ ညီလာခံကိုယ်စားလှယ်များက အကြံပြုဆွေးနွေးတင်ပြကြပြီး သဘာပတိက အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းအား အတည်ပြုကြောင်းကြေညာသည်။

ထို့နောက်မွန်းလွဲ ပိုင်းတွင် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာသူနာပြုဒီပလိုမာသင်တန်းနှင့် သားဖွား သင်တန်းသူ များ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမနေ့အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ညှော်လမ်းညွှန်အခြေခံသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းက ဖွင့်လှစ်သော ဧည့်လမ်းညွှန် အခြေခံသင်တန်းအမှတ်စဉ်(၃၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

သံလွင်တံတား(မော်လမြိုင်) ရေလမ်းကြောင်းသတ်မှတ်ထားချက်ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

သံလွင်တံတား(မော်လမြိုင်)တည်ဆောက်ရေးစီမံကိန်း ရေလမ်းကြောင်းအတွင်းမှ ဖြတ်သန်းသည့် ရေယာဉ်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးနှင့် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေးအတွက် ရေယာဉ်များ ခုတ်မောင်းရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်(၁၀)နှင့် (၁၁)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၃)နှင့် (၁၄)အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။

ရေယာဉ်များဝင်ထွက်ရမည့် ရေလယ်တိုင်နှစ်တိုင်အကြား ရေလမ်းကြောင်းကင်းလွတ်အကျယ်မှာ ပေ ၃၂၀ရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်ရေလယ်တိုင်တွင် အစိမ်းရောင်မြားပြသထားပြီး မဝင်ရမည့် ရေလမ်းများရှိ ရေလယ်တိုင်များတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားများ ပြသထားသည်။ ရေယာဉ်များ ချဉ်းကပ်လမ်းကြောင်းမှန်စေရန် ချဉ်းကပ်လမ်းကြောင်းထိန်းဖော်ယာချပြထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ခန့်အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် ရေယာဉ်များ ချဉ်းကပ်လမ်းကြောင်းထိန်း ဖော်ယာအထိသွားရောက်ပြီးမှ ချဉ်းကပ်လမ်းကြောင်းမှန်ယူပြီး ရေကြော၊ လေကြောချိန်ဆ၍ သတိပြုထိန်းသိမ်းမောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကူဝိတ်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ၂၅ ရက်နေ့၌ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ် ဆားဘား အယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆားဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား ၂၀

အမှာစကားပြောကြား

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံသူနာပြုအသင်း (၄၉)ကြိမ်မြောက် သူနာပြုညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

✱ မြန်မာနိုင်ငံမှ

အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယ ဝန်ကြီးများ၊ အမျိုးသားကျန်းမာရေး ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်မြို့ပေါ်ရှိ သူနာပြုသင်တန်းကျောင်းများမှ ကျောင်းအုပ်များနှင့် နည်းပြများ၊ မြန်မာနိုင်ငံ သူနာပြုအသင်း (ဗဟို) ဥက္ကဋ္ဌ ဒေါ်အီးဘာဘာရီနှင့် အမှုဆောင်ကော်မတီဝင်များ၊ (၄၉)ကြိမ်မြောက် သူနာပြုညီလာခံသို့ တက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်းများမှ ညီလာခံ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သူနာပြုအသင်းဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

သူနာပြုညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ၁၉၄၈ခုနှစ်ကပင် စတင်တည်ထောင် ဖွဲ့စည်းထားခဲ့သည့်မြန်မာနိုင်ငံ သူနာပြုအသင်းကြီးအနေဖြင့် နှစ်ပေါင်း ၅၆ နှစ်တာ သက်တမ်း ကာလတစ်လျှောက် စုစည်းခိုင်မာသည့် ပြည်သူ့အကျိုးပြုအဖွဲ့အစည်းကြီး တစ်ရပ်အဖြစ် ယနေ့ကာလတိုင် ခိုင်ခိုင်မြဲမြဲရပ်တည်လာနိုင်ခဲ့ခြင်းသည် အသင်းသူ အသင်းသား တစ်ဦးချင်းအတွက် သော်လည်းကောင်း၊ အဖွဲ့အစည်းကြီးအနေဖြင့်သော်လည်းကောင်း များစွာဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

စည်းရုံးဦးဆောင်

အလွန်မွန်မြတ်လှသည့် သူနာပြုစောင့်ရှောက်ခြင်းလုပ်ငန်း၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတကာ အဆင့်မီ ဆေးရုံကြီးများမှသည် ကျေးလက်ဒေသ ကျန်းမာရေးဌာနများအထိ အလွှာအသီးသီးအလိုက် တစ်နိုင်ငံလုံးဖြန့်ကြက်စွမ်းဆောင်ပေးလျက်ရှိသည့် သူနာပြုများ၊ သားဖွားများ၊ ကျန်းမာရေးဆရာ၊ ဆရာမများကို တစ်စိတ်တည်း၊ တစ်ဝမ်းတည်း စုစည်းပြီး ညီညွတ်ခိုင်မာသော အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ရပ်တည်နိုင်အောင် စည်းရုံးဦးဆောင်လျက်ရှိသည့်အတွက် ချီးကျူးဖွယ်ရာဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် နိုင်ငံတကာ့အလယ်မှာ ဂုဏ်သိက္ခာ တင့်တယ်မြင့်မားစွာ ရင်ပေါင်တန်းရပ်တည်နိုင်စေရေးတို့အတွက်မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး စွမ်းအားစုများ၏ စွမ်းပကားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်နေသည့် အချိန်ကာလဖြစ်ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မြှင့်တင်

ယခုလို နိုင်ငံတော်သစ်ကို တည်ဆောက်နေသည့် အချိန်ကာလဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းစွမ်းဆောင်မှုများမှာ စွမ်းအားပြည့်ဝထက်မြက်စွာ ပူးပေါင်းပါဝင်စွမ်းဆောင်နိုင်စေရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၏အကျိုးရလဒ်ကောင်းများကို နိုင်ငံသူနိုင်ငံသားအားလုံး စိတ်အေးချမ်းမြေ့စွာ အပြည့်အဝရရှိခံစားနိုင်စေရန်အတွက် တစ်မျိုးသားလုံး၏ ကျန်းမာရေး အဆင့်အတန်းတိုးတက် မြင့်မားလာအောင် စောင့်ရှောက် မြှင့်တင်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်နိုင်ရေးအတွက် အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများ၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို နယ်စပ်ဒေသများအပါအဝင် ကျေးလက်အစွန်အဖျားဒေသများအထိ တိုးမြှင့်လွှမ်းခြုံ ပေးနိုင်စေရန်နှင့် မြို့ပြနှင့် ကျေးလက်ကျန်းမာရေးအဆင့်အတန်း ကွာဟချက် ကျဉ်းမြောင်းပပျောက်သွားစေရန်မြို့ကြီးများမှသည် ကျေးလက်အစွန်အဖျားဒေသများအထိ တစ်ဆင့်ချင်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း။

တိုးမြှင့်လွှမ်းခြုံ

ယခုလို နိုင်ငံတော် အစိုးရအနေဖြင့်ပြည်သူများ၏ပဏာမကျန်းမာရေးစောင့်ရှောက်ပေးမှုကို အခြေပြုပြီးထိရောက်ထက်မြက်သော ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးလက်အစွန်အဖျားဒေသများအထိ တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိသည့်အတွက် မြို့ကြီးပြကြီးများမှသည် ကျေးလက်အစွန်အဖျား ဒေသများ အထိ တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်တာဝန်ထမ်းဆောင်နေကြသော သူနာပြုများ၊ သားဖွားများ၊ ကျန်းမာရေးဆရာ၊ ဆရာမများ၏ စွမ်းဆောင်နိုင်မှုသည် အဓိကအခန်းကဏ္ဍတွင် ရှိနေသည်ဟုပြောကြားလိုကြောင်း။

သူနာပြုများသည် အဆင့်မြင့်ဆေးရုံကြီးများတွင် ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၏ လုပ်ငန်းဆောင်တာများကို အနီးကပ်အထောက်အကူပြုနေကြသလို လူနာများနှင့် ထိတွေ့ဆက်ဆံပြီး ကုသရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လက်တွေ့ စွမ်းဆောင်ပေးနေသူများဖြစ်ကြောင်း၊ ထို့ပြင် ကျေးလက်ဒေသများမှာလည်း အခြေခံအကျဆုံး ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်နေကြသူများဖြစ်ကြကြောင်း။

အဆင့်မြင့်တာဝန်အပ်နှင်း

ထို့ကြောင့် သူနာပြုများသည် ကျန်းမာရေးကဏ္ဍတွင် အခြေခံအကျဆုံးနှင့် ပဓာနအကျဆုံး စွမ်းအားစုတစ်ရပ် ဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် သူနာပြုများ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး သူနာပြုများ၊ သားဖွားဆရာမများနှင့် ကျန်းမာရေးဆရာ၊ ဆရာမများ တိုးတက်ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေး၊ အရည်အသွေး တိုးတက်မြင့်မားရေး၊ စဉ်ဆက်မပြတ်အဆင့်မြင့်ပညာများ သင်ယူနိုင်ရေး၊ အဆင့်မြင့်တာဝန်များ တိုးတက်အပ်နှင်းနိုင်ရေး အစီအမံများကို အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

သူနာပြုများ၊ သားဖွားများ တိုးတက်လေ့ကျင့် မွေးထုတ်ပေးနိုင်ရေးအတွက် သူနာပြုနှင့် သားဖွားပညာသင်ကြားရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသောကြောင့် ယခင်ခေတ်ကာလက သူနာပြုပညာသင်ကြားရေးတွင် သူနာပြုသင်တန်းကျောင်း ခုနစ်ကျောင်းနှင့် သားဖွားသင်တန်းကျောင်း ၁၅ ကျောင်းသာ ရှိခဲ့ရာက ယခုဆိုရင် တပ်မတော် သူနာပြု တက္ကသိုလ်၊ ရန်ကုန်သူနာပြုတက္ကသိုလ်နှင့် မန္တလေးသူနာပြုတက္ကသိုလ် စုစုပေါင်း သူနာပြုတက္ကသိုလ်သုံးခု၊ သူနာပြုသင်တန်းကျောင်း၂၃ကျောင်းနှင့် သားဖွားသင်တန်းကျောင်း ၂၀ အထိ တိုးပွားဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ထို့အပြင် သူနာပြုတက္ကသိုလ်များ၊ သူနာပြုသင်တန်းကျောင်းများနှင့် သားဖွားသင်တန်းကျောင်းများမှာ သင်တန်းသားဦးရေ တိုးတက်လက်ခံသင်ကြားပေးနေသည့်အတွက် သူနာပြုနှင့် သားဖွားဆရာမများဦးရေသည် သိသာစွာတိုးတက်ဖြစ်ထွန်းလာနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ၁၉၈၈ ခုနှစ်ကာလက သူနာပြု ၈၃၀၀ ကျော်နှင့် သားဖွားဆရာမ ၈၁၀၀ ကျော်သာရှိခဲ့ရာက ယခုဆိုလျှင် သူနာပြု ၁၅၄၀၀ ကျော်နှင့် သားဖွားဆရာမ ၁၄၀၀၀ ကျော်ရှိလာခဲ့ပြီဖြစ်ကြောင်း။

ဖြန့်ကြက်ဖွင့်လှစ်

ယခုလို သူနာပြုနှင့် သားဖွားဆိုင်ရာ ပညာရှင်များ တိုးတက်အသုံးပြုလာနိုင်သည်နှင့်အညီ ယခင်ခေတ်ကာလက ဆေးပေးခန်း ၂၄၀ ကျော်၊ ကျေးလက် ကျန်းမာရေးဌာန ၁၃၀၀ ကျော်နှင့် ဒေသန္တရကျန်းမာရေးဌာန ၆၀ ကျော်သာရှိခဲ့ရာက ယခုဆိုလျှင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ဆေးပေးခန်း ၄၀၀ ကျော်၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၀၀ ကျော်နှင့် ဒေသန္တရကျန်းမာရေး ဌာန၈၀ကျော်တို့ကို ဖြန့်ကြက် ဖွင့်လှစ်ထားနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

အရည်အသွေး မြင့်မားသော သူနာပြုများ တိုးတက်မွေးထုတ်ပေးနိုင်ရေးအတွက် အဆင့်မြင့်သူနာပြုပညာရပ်များ စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ယခုအခါတွင် သူနာပြု ဒီပလိုမာ သင်တန်းများ၊ သူနာပြုသိပ္ပံဘွဲ့ (B.N.Sc)သင်တန်းများ၊ သူနာပြုမဟာသိပ္ပံဘွဲ့ (M.N.Sc) သင်တန်းများအပြင် သူနာပြုပါရဂူဘွဲ့ (Ph.D) သင်တန်းများပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိနေပြီဖြစ်ကြောင်း။

သူနာပြုများအတွက်ဂုဏ်ယူ

ထို့ပြင် ဩစတြေးလျနိုင်ငံ Latrobe Universityတွင် သူနာပြု ပါရဂူဘွဲ့ သွားရောက်သင်ကြားပြီး ပါရဂူဘွဲ့ရယူခဲ့သည့် သူနာပြုခုနစ်ယောက်လည်း မွေးထုတ်နိုင်ခဲ့ခြင်းကြောင့် သူနာပြုများအတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

ထို့ပြင် ယခုနှစ်မှာလည်း ယင်းတက္ကသိုလ်မှ စာပေးစာယူသင်တန်းဖြင့် မဟာသိပ္ပံဘွဲ့ရှစ်ဦးရရှိခဲ့သည်ကို သိရှိရကြောင်း၊ ၎င်းတို့ကိုကြည့်ခြင်းအားဖြင့် သူနာပြုများအတွက် အဆင့်မြင့်ပညာရပ်များ၊ အဆင့်မြင့်ဘွဲ့ဒီဂရီများရရှိရေးအတွက် နိုင်ငံတော်အစိုးရက လမ်းဖွင့်ပေးထားပြီး အားပေးဆောင်ရွက်မှုများပြုလုပ်ပေးလျက်ရှိခြင်းကြောင့် သူနာပြုများအဖို့ ဂုဏ်ယူဖွယ်၊ အားတက်ဖွယ်များပင်ဖြစ်ကြောင်း။

တစ်တပ်တစ်အားပါဝင်

ယခုလို အရည်အသွေးမြင့်မားသော သူနာပြုများ၊ ဘာသာရပ်အလိုက် အထူးပြုကျွမ်းကျင်သူ သူနာပြုများ တိုးပွား ပေါ်ထွန်းလာနေသည့် အားလျော်စွာ မြန်မာ့ဆေးပညာသမိုင်းတွင် မော်ကွန်း ရေးထိုးရမည့် အောင်မြင်ဖြစ်ထွန်းမှုများဖြစ်သည့်ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု၊ နှလုံးရပ်ခွဲစိတ်ကုသမှု၊ ကိုယ်ချင်းဆက်အမြွှာခွဲစိတ်ကုသမှု၊ လုံးဝပြတ်တောက်သွားသည့် လက်ကို Hand Micro Surgery နည်းဖြင့်ပြန်လည်ဆက်ပေးမှု၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲများ ခွဲစိတ်ကုသမှုစသည့် အလွန်ထူးခြားသော ခွဲစိတ်ကုသမှုလုပ်ငန်းများတွင် သူနာပြုများသည် တစ်တပ်တစ်အားပါဝင် စွမ်းဆောင်နိုင်ခဲ့ကြပြီ ဖြစ်သည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့ကြုံရပြီးဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် ဖြစ်ပွားတတ်သော ကျောက်ရောဂါ၊ အနာကြီးရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ အိုင်အိုဒင်းချို့တဲ့ရောဂါ၊ ပိုလီယိုအကြောသေရောဂါစသည့် ရောဂါဆိုးကြီးများ လုံးဝပပျောက်သွားအောင် ပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာအန္တရာယ်ဆိုးကြီးများအဖြစ်မှ လျော့ကျသွားအောင် လူထုလှုပ်ရှားမှု အသွင်ဖြင့် တစ်မျိုးသားလုံး ပူးပေါင်းကာကွယ်တိုက်ဖျက်ကြရာတွင်သူနာပြုများသည် တစ်တပ်တစ်အားပါဝင် စွမ်းဆောင်နိုင်ခဲ့ကြသည်ကို တွေ့ရကြောင်း။

ပူးပေါင်းလက်တွဲ

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းဖြစ်သည့် မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ အာဟာရချို့တဲ့မှုရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်နှင့်လုပ်ငန်းခွင် ကျန်းမာရေးလုပ်ငန်းများ၊ ဆေးလိပ်သောက်သုံးမှု ကင်းဝေးရေးလုပ်ငန်းများ၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများ၊ ပြည်သူလူထုအတွင်း ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ရေကောင်း ရေသန့်ရရှိရေးလုပ်ငန်းများ၊ အမျိုးသားအဆိပ်ထိန်းချုပ်ရေးလုပ်ငန်းများမှာလည်း သူနာပြုများသည်အခြားသော လူမှုရေးအဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းလက်တွဲပြီး အားရစဖွယ်တက်ကြွစွာ ပါဝင်လှုပ်ရှား ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရကြောင်း။

ယခုသူနာပြုများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဆရာ၊ ဆရာမများအနေဖြင့် ပြည်သူများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအဝဝမှာ တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်နေသည်နှင့်အမျှ နိုင်ငံတော်၏ ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များ ပြည့်ဝအောင်မြင်စေရေးတွင် အရေး

စာမျက်နှာ ၁၁ ကော်လံ ၁

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ လားရှိုးမြို့ ဇေယျာဟေမကုန်းတော်ရှိ မဟာမြတ်မုနိရုပ်ရှင်တော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း လားရှိုးမြို့မဟာမြတ်မုနိရုပ်ရှင်တော်နှင့် တိလောကဝိဇယစေတီတော်ဖူးမြော်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီ၄၅ မိနစ်တွင် လားရှိုးမြို့ ဇေယျာဟေမကုန်းတော်ရှိ မဟာမြတ်မုနိရုပ်ရှင်တော်ကို ဖူးမြော်ကြည်ညိုကြသည်။

ရွှေသင်္ကန်းကပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဂေါပကအဖွဲ့သို့ အလှူငွေများကို ပေးအပ် လှူဒါန်းပြီး မဟာမြတ်မုနိရုပ်ရှင်တော်အား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် ရေကန်တောင်တော်ရှိ တိလောကဝိဇယဆုတောင်းပြည့်စေတီတော်သို့ ရောက်ရှိကြပြီး စေတီတော် အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။ **(သတင်းစဉ်)**

ဇေယျာဟေမကုန်းတော်ရှိ မဟာမြတ်မုနိရုပ်ရှင်တော်အား ရွှေသင်္ကန်းဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း လားရှိုးမြို့ ဇေယျာဟေမကုန်းတော်ရှိ မဟာမြတ်မုနိရုပ်ရှင်တော်အား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အလှူငွေများပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လားရှိုးမြို့ ဇေယျာဟေမကုန်းတော်ရှိ မဟာမြတ်မုနိ ရုပ်ရှင်တော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ရေကန်တောင်တော်ရှိ တိလောကဝိဇယ ဆုတောင်းပြည့်စေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

အလှူငွေပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ရေကန်တောင်တော်ရှိ တိလောကဝိဇယ ဆုတောင်းပြည့်စေတီတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကူဝိတ်နိုင်ငံအမျိုးသားနေ့ ဝန်ကြီးဦးဝင်းအောင်သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်နေ့၌ ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်ထံမှ ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ မိုဟာမက် ဆာဘား အယ်လ်ဆာလမ်း အယ်လ်ဆားဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ခုနစ်ရက်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မ ဇောတိကဓဇ) ဦးဆောင်သော လယ်တီမူ ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၏ ယောဂီဟောင်းများအတွက် အထူးတရားစခန်းကို သန်လျင်မြို့နာရီစင်အနီး ဟံသာဝတီကမ္မဋ္ဌာန်းရိပ်သာ၌ မတ် ၅ရက်ညနေပိုင်းမှ စတင်ဖွင့်လှစ်မည်ဖြစ်သည်။ ဆရာတော်ဦးကေလာသ ဦးဆောင်သော ကမ္မဋ္ဌာနာစရိယများက ဟောပြောပို့ချမည်ဖြစ်ရာ စခန်းဝင်မည့်သူများသည် ဖွင့်မည့်နေ့ ညနေ၃နာရီထက်နောက်မကျစေဘဲ မင်္ဂလာဇျူဟာ အသင်းချုပ်သို့ လာကြရန်နှင့် ရိပ်သာဖုန်း-၀၅၆-၂၁၄၃၂၊ ၀၁-၂၅၄၉၀၆ တို့သို့ စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းပြန်လည်သုံးသပ်ညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ဥပစာခန်းမ၌ကျင်းပရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ညစာစားပွဲခင်းကျင်းကျွေးမွေးရေး ဆပ်ကော်မတီ၊ ညစာစားပွဲဖြေဖျော်ရေး ဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ပြည်ထောင်စုနေ့ ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေး ဆပ်ကော်မတီ၊ အလံတင်အခမ်းအနားစီစဉ်ရေး ဆပ်ကော်မတီနှင့် အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ်သင်္ကေတများ စိုက်ထူရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် သုံးသပ်အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့အခမ်းအနား မုံရွာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်၇ နာရီတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူများ စုစုပေါင်း အင်အား ၆၇၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုခြင်းများ ဆောင်ရွက်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်က ဖတ်ကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ကိုရီးယား ချစ်ကြည်ရေးလုပ်ငန်းများ နားလည်မှုစာချွန်လွှာလက်မှတ်ထိုး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာ-ကိုရီးယား ချစ်ကြည်ရေးအသင်းနှင့် ရန်ကုန်မြို့သို့ ရောက်ရှိနေသော ကိုရီးယား-မြန်မာချစ်ကြည်ရေးအသင်းတို့၏ နှစ်နိုင်ငံချစ်ကြည်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇေကမ္ဗာခန်းမ၌ကျင်းပရာ မြန်မာ-ကိုရီးယား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဘုန်းတော်ကြီး Ven. Monk Tax၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Lee Kyung Woo တို့က အမှာစကားပြောကြားကြပြီး နှစ်နိုင်ငံချစ်ကြည်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဒေါက်တာခင်ရွှေက အမေရိကန်ဒေါ်လာ ၅၀၀၀ တန်ဖိုးရှိ ကျွန်းသားဖြင့်ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူအား ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်းသို့ ပေးအပ်လှူဒါန်းပြီး နှစ်နိုင်ငံ ဂုဏ်ပြုလက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင် ၃၅ဦးတို့သည် မြန်မာနိုင်ငံရှိ မြန်မာ-ကိုရီးယား ချစ်ကြည်ရေးအသင်းနှင့်အတူ နှစ်နိုင်ငံချစ်ကြည်ရေး၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လာရောက်ကြခြင်းဖြစ်ပြီး မကြာမီကာလအတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ကြမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပတ်ဝန်းကျင်သန့်ရှင်းရေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် သတ္တမအကြိမ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှု ကြိုတင်အသိပေး ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက်က မြို့နယ် ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစံသာထွန်းက အဖွင့်အမှာစကား ပြောကြား၍ မြို့နယ်ကျန်းမာရေးဌာန ဦးစီးဌာနမှူး ဒေါက်တာဒေါ်လဲ့လဲ့မှုသိဏ်းနှင့် ဝေါ်ဗီရှင်မြန်မာမှ စီမံချက်အရာရှိ ဒေါက်တာဒေါ်ခင်ဦးဇင်တို့က အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ကြိုတင်ဆောင်ရွက်ကြရမည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးကြသည်။

(၁၈၀)

ကျေးရွာချင်းဆက်လမ်းကျောက်ခင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမြင့်အောင်သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ခုနှစ်အတွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သော ဆင်ခေါင်းကျေးရွာနှင့် စကုကျေးရွာချင်းဆက် လမ်းအမာခံ ကျောက်ခင်းခြင်း လုပ်ငန်းပြီးစီးမှုကို သွားရောက်ကြည့်ရှုခဲ့ပြီး ဆင်ခေါင်း-စကုလမ်းအမြဲကောင်းမွန်နိုင်ရေး တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ဦးနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သားငါးဖွံ့ဖြိုး ပြည်အကျိုး

နိုင်ငံအကျိုးများကိုသာ

ချစ်စွာသောတူမောင်

ရွှင်လန်းချမ်းမြေ့ပါစေ---

မကြာသေးမီက ဦးဦးဟာ ကျေးလက်တောရွာများကို တစ်ညအိပ်၊ နှစ်ညအိပ်၊ နေ့ချင်းပြန်ခရီးများ သွားရောက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ် ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်နဲ့ သံတွဲမြို့နယ်များအတွင်း ရောက်ခဲ့တယ်။ မုံရွာ၊ ယင်းမာပင်တစ်ဝိုက်လဲ ပါတယ်။ ပဲခူး၊ သနပ်ပင်နားကရွာအချို့လဲ ရောက်တယ်။ ဝါးခယ်မမြို့နယ် ကြီးနီစုကျေးရွာ၊ ဆူးတွင်းပစ်ကလေးကျေးရွာတို့လဲ ပါတယ်။ ကျေးရွာတွေကို ရောက်အောင်သွားပြီး ဘာများလုပ်တာလဲဆိုရင် အချက်နှစ်ချက်ရှိတာပေါ့-

(၁) ကြည့်ရှုလေ့လာဆည်းပူးတာ၊

(၂) စာဆိုတော်နေ့အကြောင်းပြုပြီး လူတွေကို စာပေဖတ်ရှုကြဖို့ရာ စည်းရုံး ဆော်ဩပန်ကြားတာ။ မိမိကိုယ်ကို အခုလို လေယာဉ်တစ်တန်၊ ကားတစ်တန်၊ လှေတစ်တန်နဲ့ ဝေးလံတဲ့ ခရီးကြမ်းအထိ ရောက်ရှိအောင် သွားနိုင်ပေတယ်လို့ တောတွေတောင်တွေ၊ ရှုခင်းသာယာပုံတွေ ခံစားပြီးကြည်နူး ကျေနပ်မိတာအမှန်ပဲ။ သို့သော်လဲ ကျေးရွာအုပ်စုပေါင်း ၁၄၀၀၀ကျော်၊ ကျေးရွာပေါင်း ၆၅၀၀၀လောက်တည်ရှိတဲ့ မိမိတို့ရဲ့ နိုင်ငံအတွင်းမှာ အခုလို မိမိရောက်ရှိနိုင်ခဲ့တဲ့ရွာဟာ တစ်နှစ်မှာ ၁၀၀ကျော်ရှိစေဦးတော့ နှစ်ပေါင်း ၆၅၀ကျော်ကြာမှ အကုန်နှံ့ပေလိမ့်မယ်။ သြော်-ခြေထောက်နှစ်ချောင်းနဲ့ သွားနေရုံနဲ့တော့ နှံ့အောင်ရောက်မယ့် ခရီးမဟုတ်ဘူး။ ကျေးလက်ဒေသတွေအထိ မိမိကိုယ်တိုင် ရောက်ရှိရေးအစား မိမိကိုယ်ပွား၊ မိမိနဲ့ စိတ်ထားတူ၊ အယူအဆတူ၊ ခံယူချက်အမြင်တူတဲ့ လူငယ်တွေ၊ စာအုပ်စာပေတွေ၊ သတင်းစာ၊ ရေဒီယို၊ တီဗွီအစီအစဉ်တွေ ရောက်စေရင် ပြီးတာပဲပေါ့။

လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ကျော်က နန်းတော်ရှေ့ဆရာတင်ရေးတဲ့ သီချင်းတစ်ပုဒ်ရှိတယ် တူမောင်ရဲ့၊ ကျေးရွာဝါဒတဲ့။ **"တစ်ခေါက်လောက် ကြွခဲ့စမ်းပါ၊ ကျုပ်နှမများကို ဖိတ်ကြားပါတယ်ခင်ဗျာ"** အစချီပြီး ကျေးလက်တောရွာတွေမှာ ရှေးကနဲ့မတူအောင် ထူထောင်တည်ဆောက်ထားလို့ လျှပ်စစ်မီးတွေလဲ ရကြပြီ။ ဆေးရုံတွေ၊ ကျောင်းတွေလဲ ပြည့်ပြည့်စုံစုံရှိနေပြီ။ သာသာယာယာ ဖွံ့ဖြိုးတိုးတက်နေပုံတွေကို သရုပ်ပေါ်အောင် ရေးဖွဲ့ထားတဲ့ အမျိုးသားရေး နှိုးကြားရေး၊ ကျေးလက်ဒေသလူထု လူနေမှုမြင့်မားရေးကို နှိုးဆော်ချက် တေးတစ်ပုဒ်ပါ။ စာသားရော တေးသွားသံစဉ်တွေပါ အလွန်ရသမြောက်လှပါတယ်။ **"အောင်ရပ်ကယ်သာ အောင်ရာတည့် မယွင်းအောင် မြန်မာဘာသာ"** စသည်ဖြင့် ခံ့ညားထည်ဝါပြီး မြန်မာသံ စည်တော်ကြီးနဲ့ နောက်ခံတီးပြီး စိတ်ဓာတ် တက်ကြွဂုဏ်ယူစရာတွေလဲ ပါရဲ့။ ကိုအံ့ကြီး သီဆိုထားတာရှိပါတယ်။

မုံရွာတစ်ဖက်ကမ်းက ယင်းမာပင်မြို့နယ် သဘာဝရေလျှံတွင်းပေါင်း ၉၉ခုကို ကန်ဆည်ပြီး ပတ်ဝန်းကျင်လယ်မြေများသို့ ရေပေးနေပုံကြည့်ခဲ့ရတယ်။ ဆောင်းနှောင်းကာလမှာ အညာဒေသဖြစ်ပေမယ့် ခြောက်ခန်းမနေဘဲ စိမ်းစိုလွင်နေတဲ့ လယ်ကွင်းတွေ၊ စိုက်ခင်းတွေ၊ တစ်မျှော်တစ်ခေါ်မြင်ရတော့ ကျေးရွာဝါဒ သီချင်းသံကို စိတ်ထဲက ကြားယောင်တယ်။

တိုင်းပြည် တကယ်တိုးတက်စေချင်တယ်ဆိုရင်တော့ ကျေးလက်ဒေသပါ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်မှ ဖြစ်မှာပဲ တူမောင်ရေ။ ကျေးရွာပေါင်း ၆၅၀၀၀ဆိုတဲ့ အရေအတွက် နည်းတာမှမဟုတ်တာ။ မြို့နယ်ပေါင်းက ၃၅၀လောက်ရှိတာ။ မြို့တစ်မြို့ရှိတိုင်း အချိုးအားဖြင့် ကျေးရွာပေါင်း ၁၈၀လောက်ရှိတဲ့သဘော။ မြို့တစ်မြို့ကို တိုးတက်အောင် ကွက်ကွက်ကလေး အာရုံစိုက်ပြီး လုပ်ဆောင်နေရုံနဲ့ တာဝန်မကျေဘူး။ မြို့နယ်ထဲမှာရှိကြတဲ့ ကျေးရွာပေါင်း ၁၈၀ကိုပါ လူနေမှုမြင့်မားလာအောင် ကြည့်ရှုဆောင်ရွက်နိုင်ပါမှ တာဝန်ကျေရာရောက်ပါလိမ့်မယ်။

ဒါကတော့ အကြမ်းဖျင်း ပြောတာပါ။ ပျမ်းမျှစဉ်းစားပြီး ပေါ်လွင်ထင်ရှားအောင် ယေဘုယျအနေနဲ့ တင်ပြတာပါ။ အချို့မြို့နယ်တွေမှာ ကျေးရွာ ၇၀လောက်ပဲ ရှိတယ်။ အချို့မြို့နယ်များမှာ ကျေးရွာက ၃၀၀၊ ၄၀၀ ရှိကြတယ်။ ပုံသေ မတူညီကြပါဘူးလေ။

လူဦးရေလဲ ဒီလိုပဲ၊ အချို့မြို့က လူဦးရေ ငါးသောင်း၊ ခြောက်သောင်းကျော်တယ်။ အချို့မြို့က လူဦးရေတစ်သောင်းလောက်ပဲ ရှိတယ်။ အချို့ရွာက အိမ်ခြေ ၃၀၀၀ကျော်၊ လူဦးရေ ၁၅၀၀၀ကျော်တယ်။ အချို့ရွာက အိမ်ခြေ ၃၀၊ လူဦးရေ ၁၅၀လောက်ပဲ ရှိကြတယ်။

တောင်ကြီးခရိုင် ကလောမြို့နယ်ထဲက အောင်ပန်းဆိုတာ ကလောထက်တောင်မှ စည်ကားကျယ်ဝန်းနေသေးတယ်လေ။ ထားပါလေ၊ လူဦးရေနဲ့ စည်ကားဖွံ့ဖြိုးမှုတွေမှာ မြို့တွေနဲ့ တန်းတူအဆင့်ရှိတဲ့ ကျေးရွာတွေအချို့ ရှိနေကြပါပြီ။ မှန်ပါတယ်၊ ကောင်းပါတယ်။

ချစ်နိုင်(စိတ်ပညာ)

ရှေ့ဆက်ရမယ့် ခရီးကတော့ အင်နဲ့အားနဲ့၊ အရှိန်အဟုန်နဲ့ ခွန်အားအပြည့်အဝသုံးပြီး ရုန်းကန်ကြရဦးမှာပါ။ အောင်မြင်မှုတွေလဲ အခြေခံအားဖြင့် ရခဲ့ကြပြီးပါပြီ။ ကျေးလက်ဒေသ လူနေမှုဘဝ မြင့်မားတိုးတက်လာအောင် အောက်ပါ အခြေခံအဆောက်အအုံတွေ ကောင်းဖို့ ဖောက်ချပြီး ထိထိမိမိ အကောင်အထည် ဖော်ရမယ်။ ဖွဲ့ရှိရှိနဲ့ တက်ညီလက်ညီ စီမံဆောင်ရွက်ကြရမယ်။

၁။ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး (လမ်း)

၂။ သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေများ လုံလောက်စွာ ရရှိရေး(ရေ)

၃။ ပညာရေးအခြေအနေ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေရေး (ပညာ)

၄။ ကျန်းမာရေး အဆင့်မြှင့်တင်ရေး (ကျန်းမာ)

၅။ ကုန်ထုတ်လုပ်မှုများနှင့်စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးတက်ရေး ခေတ်မီနည်းပညာနှင့် စက်မှုနည်းပညာများအသုံးချရေး (စီးပွား)

အထက်ပါ ငါးချက်ကို လစဉ်၊ နှစ်စဉ် အဆက်မပြတ် ဝိုင်းဝန်းသုံးသပ်ပြီး ရပ်ရွာခေါင်းဆောင်များ၊ မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များဟာ ကိုယ့်အားကိုယ်ကိုး ကြိုးစားပြီး တည်ဆောက်ကြရပါမယ်။ အတင်းအကျပ်လုပ်အားပေး စေခိုင်းတယ်တို့၊ အမိန့်အာဏာသုံးပြီး လူထုလုပ်အားကို ခေါင်းပုံဖြတ်နေပါတယ်လို့ မိမိတို့ဖွံ့ဖြိုးတိုးတက်လာမှာကို လုံးဝမရှုဆိတ်တဲ့ အဖျက်သမားတွေက မြှောက်ထိုးပင့်ကော် ကလော်ခဲ့ကြတယ်။ ဟာ-မြို့နဲ့ရွာနဲ့ အဆက်အသွယ် အသွားအလာ မကောင်းလို့ ဒီက လူနာအချို့ လမ်းမှာတင် သေဆုံးသွားတာကိုတော့ သူတို့က လာပြီး ကုသပေးလို့လား၊ မေးလိုက်ပါရစေ။

လမ်းတွေ မကောင်းလို့ ကျောင်းတက်တဲ့ကလေးတွေ လှေနဲ့ကျောင်းသွားရ၊ ကျောင်းပြန်ရ။ မိုးသက်မုန်တိုင်းကျလို့ လှေမှောက်တဲ့အခါ အဲဒီအဝေးလေလှိုင်းသံက ဘေးတီးပေးခဲ့ကြသူတွေက လာပြီး ကယ်ဆယ်ပေးရဲ့လား။ လမ်းတွေကောင်းအောင် လုပ်ကြတာဟာ သားသမီးတွေ သွားမယ့်ခရီးကို အဖေအမေ၊ အမိအဖတွေက မြေဖို့ လမ်းခင်း၊ ချောမွေ့ပြေပြစ်အောင် လုပ်ဆောင်ကြတဲ့ သဘောပါပဲ။ ဘာအတင်းအကျပ် လုပ်အားပေးစေခိုင်းတယ် ရယ်လို့ ပြောစရာလိုသလဲ။ ချင့်ချိန်သုံးသပ် ကြည့်ပါလေ။ အားလုံးက စိတ်ပါလက်ပါတက်ကြွစွာ ပါဝင်လှုပ်ရှားနေကြတဲ့ ပရဟိတလုပ်ငန်းတွေပါ။

မတိုးတက်အောင်၊ မဖွံ့ဖြိုးအောင် နှောင့်ယှက်ဖျက်ဆီးရတာက လွယ်ပါတယ်။ ဘေးထိုင် ဘုပြောနေတာက အလွယ်သားပဲ။ သူများနိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာလဲ မကြိုးစားဘဲ ရွှေပုံငွေပုံပေါက်ပြီး ချမ်းသာလာတာမဟုတ်ကြပါဘူး။ နိုင်ငံသူနိုင်ငံသားတွေ ကိုယ်တိုင်ပါဝင်ပြီး ဦးထမ်းသူကထမ်း၊ ပဲ့ထမ်းသူကထမ်း ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ဆောင်ရွက်ခဲ့ကြတာ ငါးနှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ကြာမှ ဖူးပွင့်ပြီး တိုးတက်ဖွံ့ဖြိုးတာ။ ညီညွတ်မှုဟာ အင်အား။

ဘေးက သွေးထိုးနှောင့်ယှက်နေတဲ့ အဖျက်သမားရဲ့ စကားတွေကို နားမယောင်မိအောင် လူတွေမှာ အသိပညာဗဟုသုတ ပြည့်ဝကြရမယ်။ ရှေ့နောက်မြော်ခေါ် ဆင်ခြင်သုံးသပ်တတ်တဲ့ ဗဟုသုတ အကြားအမြင်တွေ ရှိစေရပါမယ်။ အဲဒါက စာဖတ်မှ ရနိုင်တယ်။ အလိမ္မာစာမှာရှိ ဆိုသလိုပဲ။ ပညာဗဟုသုတတွေက စာအုပ်စာပေထဲမှာ ရှိကြပါတယ်။ နည်းနည်းဖတ်ရင် နည်းနည်း သိတယ်။ များများဖတ်ရင် များများသိတာပဲ။ စာအုပ်စာပေ လူ့မိတ်ဆွေမဟုတ်လား။

သိရှိနားလည်လာတဲ့ ပညာဗဟုသုတတွေကို အသုံးချတာနဲ့အမျှ နေ့စဉ်ဘဝရဲ့ နေမှုထိုင်မှု အပြုအမူတွေဟာ ပြောင်းလဲတိုးတက်လာမှာပဲ။ ရှေးကထက် ပိုမိုသင့်တော်ဆီလျော်တဲ့ အတွေးအခေါ်အသိအမြင် နေထိုင်မှု ဟန်ပန်တွေ ပြောင်းလဲလာတာသည်ပင် လူနေမှုဘဝ မြင့်မားစေပါတယ်။ လယ်သမားဟာ လယ်ထွန်တာတော့ ထွန်ယက်ကြရဦးမှာပဲ။ ထွန်စက်နဲ့ ထွန်မှာပေါ့။ လက်တွန်း ထွန်စက်နဲ့ ထွန်ယက်တာဟာ နွားနဲ့ကျွဲကို ခိုင်းရတာထက် ပိုမိုအကျိုးရှိလာပြီ။ ကောက်စိုက်စက်၊ ကောက်ရိတ်စက်တွေ သုံးနိုင်လာတဲ့အခါ လူတွေရဲ့လုပ်အားကို စက်နဲ့အစားထိုးတော့ ပိုမိုထိရောက် လျင်မြန်လာသလို အကုန်အကျစရိတ်လဲ နည်းစေပါတယ်။

အဲသည်လို ကုန်ထုတ်လုပ်မှု စရိတ်စက လျှော့ချနိုင်တော့ ထွက်ကုန်ကို ဈေးချိုချိုနဲ့ ရောင်းနိုင်လာမယ်။ ဒီအခါမှာ တို့နိုင်ငံက ထွက်ကုန်တွေကို ပြည်ပနိုင်ငံတကာသို့ ပိုမိုတင်ပို့နိုင်လာလိမ့်မယ်။ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်ရပါတယ်။

မြန်မာပြည်မှ ထွက်ကုန်တွေကို စက်မှုမတပ်ဆင်ဘဲနဲ့ လူရဲ့လုပ်အားနဲ့ချည်း ထုတ်လုပ်နေကြရင် ပြည်ပဈေးကွက်တွေကို ဘယ်လိုမှမယှဉ်နိုင်ပါဘူး။

စိုက်ပျိုးရေးကို အခြေခံရမှာတော့ မှန်တယ်။ စက်မှုတပ်ဆင်နိုင်အောင် ကြိုးစားကြရမယ်။

ကျေးလက်နေ ပြည်သူများဟာ နွားအကြောင်း၊ ကျွဲအကြောင်း၊ ဆင်အကြောင်း၊ မြင်းအကြောင်းတွေ သိရှိခဲ့ကြသလို နောင်အခါမှာ စက်အမျိုးမျိုး အကြောင်းတွေကို အခြေခံတော့ သိရှိနားလည်ကြရပါလိမ့်မယ်။ ဗဟုသုတရှိမှ ဖြစ်တော့မယ်။ ထင်သလောက် မခက်ပါဘူး။ ကက်တလောက်ကြည့်ပြီး စာဖတ်ရင် တစ်ရက်၊ နှစ်ရက်အတွင်း တတ်ပါတယ်။ စက်တွေ သုံးကြရမှာပဲ။

ကျေးလက်တောရွာနေ ပြည်သူလူထုဦးရေဟာ နိုင်ငံသားနိုင်ငံသူ လူဦးရေအားလုံးရဲ့ ၇၀ရာခိုင်နှုန်းကျော်ကျော် ရှိနေကြပါသေးတယ်။ သူတို့ရဲ့ လူနေမှုဘဝက မတိုးတက်လာဘဲ နိမ့်ကျကျန်ရစ်ခဲ့ရင် ခေတ်မီဖွံ့ဖြိုးတဲ့ တိုင်းပြည်ရယ်လို့ မဖြစ်နိုင်ပါ။ ဟာ-နယ်မြေအကျယ်အဝန်းလဲ ကျယ်တယ်။ လူဦးရေလဲများတယ်။ ကျေးလက် ပြည်သူတွေရဲ့ အခြေခံလူနေမှုဘဝကို ဖွံ့ဖြိုးတိုးတက်လာအောင် အထူးအာရုံ စိုက်ပြီး ဖွဲ့နဲ့မာန်နဲ့ ကြိုးပမ်းလှုံ့ဆော်ကြရအောင်။ စာဖတ်အောင်၊ စာတတ် အောင်။ စာပေနဲ့ ပျိုးထောင်ပေးရင် အောင်မြင်မှာပဲ။ သေချာမလွဲ။ ဟုတ်ပြီ။ တက်ညီလက်ညီ ဆင်နွှဲကြရမယ်။ ။

မြဝတီရုပ်မြင်သံကြား

၂၅-၂-၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် History of Psychology (ပထမနှစ်စိတ်ပညာ)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"**(အပိုင်း-၂၀)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုင်းပုနှင့်သောင်းချမ်"** (အပိုင်း-၃၃)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၂၁ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ မြို့နယ်အဆင့် အမျိုးသား အာဟာရဖွံ့ဖြိုးမှုရက် သတ္တပတ် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ(မူလတန်း) တတိယဆုရ စတုတ္ထတန်းမှ မမေသဉ္ဇာဝင်းအား ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းသောင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ဗောဓိပင်ပျိုးလွှဲပြောင်းပေးအပ်ခြင်းနှင့် အင်္ဂလိပ်ဘာသာကျမ်းစာအုပ်များလှူဒါန်းခြင်းအခမ်းအနား
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပသည့် အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီးက မြန်မာနိုင်ငံသို့ သာသနိကလက်ဆောင်အဖြစ် ပေးအပ်လှူဒါန်းလိုက်သော ဗောဓိပင်ပျိုး လွှဲပြောင်းပေးအပ်ခြင်းနှင့် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရက အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ အင်္ဂလိပ်ဘာသာကျမ်းစာအုပ်များ လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။



သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ လှူဒါန်းသည့် အင်္ဂလိပ်ဘာသာကျမ်းစာအုပ်များကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကြည့်ရှုစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတသီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ(D.Litt)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရ(D.Litt)နှင့် မဟာဌာနမှူးဆရာတော်များ ကြွရောက်တော်မူကြပြီး အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ သာသနာရေး ဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့်တာဝန်ရှိသူများ၊ တပည့်ဒါယကာ ဒါယိကာမများတက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် စစ်ကိုင်းမြို့ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိသီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရထံမှ

အိန္ဒိယနိုင်ငံနယူးဒေလီမြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာကွန်ဖရင့်နှင့် ဘာသာရေးဆိုင်ရာ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေး အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရမှတစ်ဆင့် အိန္ဒိယနိုင်ငံသမ္မတကြီးက မြန်မာနိုင်ငံအတွက် ပေးအပ်လှူဒါန်းလိုက်သည့် ဗောဓိပင်ပျိုးအား ဆရာတော်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

အဆိုပါ ဗောဓိပင်ပျိုးမှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာကွန်ဖရင့်နှင့် ဘာသာရေးဆိုင်ရာ ခရီးသွားလုပ်ငန်း တိုးမြှင့်ရေး အစည်းအဝေးတွင် အိန္ဒိယနိုင်ငံ သမ္မတ ဒေါက်တာ အေပီဂျေအဗ္ဗဒူလ်ကလမ်က ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရမှတစ်ဆင့် ပေးအပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် သီတဂူ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက လှူဒါန်းသည့် ငွေကျပ် ၁၁၉၉၁၈၀၀ တန်ဖိုးရှိသော အင်္ဂလိပ်ဘာသာကျမ်းစာ အုပ်ပေါင်း ၁၉၈၉ အုပ်ကို သီတဂူ ဆရာတော်ကိုယ်စား သီတဂူဝေယျာဝစ္စအဖွဲ့မှ ဦးဟန်က အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာလှဖေထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရက အနုမောဒနာတရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက်အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ပါသော စွမ်းအားစုတစ်ရပ်အဖြစ် ဆက်လက်ပြီး ခိုင်ခိုင်မြဲမြဲရပ်တည်နေနိုင်မှာ အမှန်ပင်ဖြစ်ကြောင်း။

အထောက်အကူပြု

အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်အောင်မြင်စွာ အကောင်အထည်ဖော်ရေးတွင် ကျေးလက်ဒေသများ၌ တာဝန် ထမ်းဆောင်နေကြသော သူနာပြုများ၊ သားဖွားဆရာမများနှင့် ကျန်းမာရေးဆရာ၊ ဆရာမများ၏ တက်ကြွသည့် စွမ်းဆောင်မှုများသည်များစွာ အထောက်အကူပြုလျက်ရှိနေကြောင်း။

သူနာပြုများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဆရာ၊ ဆရာမများက မှန်ကန်သော ပညာပေးမှု၊ ကြိုတင်ကာကွယ်မှုများစနစ်တကျ ပြုလုပ်နိုင်သည်နှင့်အမျှ ကျေးလက်နေပြည်သူများ ကျန်းမာရေးဆိုင်ရာ အသိအမြင် ဗဟုသုတကြွယ်ဝမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိမှု၊ ကျန်းမာရေးကို အထောက်အကူပြုအောင် နေထိုင်စားသောက်တတ်သည့် အလေ့အကျင့်ရှိမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှုစသည့် ကျန်းမာရေးဆိုင်ရာ အခြေခံများ ဖြစ်ထွန်းလာပြီး ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်းသည်လည်း တိုးတက်မြင့်မားလာမှာပင်ဖြစ်ကြောင်း။

တုံ့ပြန်မေတ္တာခံယူ

ထို့ကြောင့် သူနာပြုများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဆရာ၊ ဆရာမများအားလုံးက အလွန်တရာမွန်မြတ်ပြီး ကျယ်ပြန့်နက်ရှိုင်းသော ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတာဝန်များကို နိုင်ငံတော်က မိမိတို့အပေါ် ယုံကြည်စိတ်ချစွာ အပ်နှင်းထားသည်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရအောင် စေတနာအပြည့်အဝထားရှိပြီး အားထုတ် ကြိုးပမ်းဆောင်ရွက်ကြပါ၊ မိမိတို့၏ မွန်မြတ်သန့်ရှင်းသော လုပ်ငန်းတာဝန်များအပေါ် ဂုဏ်ယူပီတိစိတ်မွေးမြူကြပါ၊ ပြည်သူများ၏ တုံ့ပြန်မေတ္တာကိုလည်း ထိုက်တန်စွာ ခံယူကြပါဟု မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရ၏ အားပေးစောင့်ရှောက်မှု၊ သူနာပြုများ၏ ကြိုးပမ်းအားထုတ်မှုများ ပေါင်းစည်းပြီး မြန်မာနိုင်ငံသူနာပြုကဏ္ဍတစ်ရပ်လုံး ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည့် ယနေ့ အချိန်အခါတွင် မြန်မာနိုင်ငံသူနာပြုအသင်းကြီးအနေဖြင့် သူနာပြုများ၏ စွမ်းဆောင်ရည် ထက်မြက်မြင့်မားစေရအောင်၊ ထက်မြက်သည့် စွမ်းဆောင်ရည်ကို ပြည်သူ့အကျိုးအတွက် စွမ်းအားဖြည့်အသုံးချနိုင်စေရအောင်၊ ထူးချွန်ထက်မြက်သော သူနာပြုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရအောင်ဝါရင့်သမ္မာရင့်သူနာပြုကြီးများက ဦးဆောင်စည်းရုံးဆောင်ရွက်သွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

အားထုတ်ကြိုးပမ်း

သူနာပြုများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဆရာ၊ ဆရာမများကလည်း မြန်မာနိုင်ငံသူနာပြု အသင်းကြီး၏ အလံတော်အောက်တွင် စုစည်းခိုင်မာသော တိုင်းကျိုးပြည်ဆောင် စွမ်းအားစုတစ်ရပ်အဖြစ် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ရပ်တည်ရင်း သူနာပြုစုမှုပညာ၊ စွမ်းရည်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကျင့်ဝတ်တို့နှင့် ပြည့်ဝသော သူနာပြုကောင်းများအဖြစ် အစဉ်ထာဝရ ဖြစ်ထွန်းနေစေရအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- **ထူးချွန်ထက်မြက်ပြီး အရည်အသွေးမြင့်မားသော သူနာပြုစွမ်းအားစုကြီးအဖြစ် တင့်တင့်တယ်တယ်၊ ခိုင်ခိုင်မြဲမြဲရပ်တည်ပြီး အမျိုးသားကျန်းမာရေး အဆင့်အတန်းအရှိန်အဟုန်ဖြင့် ပိုမိုတိုးတက် မြင့်မားစေရအောင် မိမိတို့ကျွမ်းကျင်ရာ အတတ်ပညာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **နိုင်ငံတော်၏ အားပေးချီးမြှောက်မှု၊ ပြည်သူများ၏ ယုံကြည်အားထားမှုများကို ထိုက်ထိုက်တန်တန် ခံယူပြီး ပြည်သူများ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝစေရအောင် နွေးထွေးကြင်နာစွာ ပြုစုစောင့်ရှောက်ပေးကြပါ၊**
- **မြန်မာနိုင်ငံ သူနာပြုအသင်းကြီး၏ မွန်မြတ်သန့်စင်သော ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့်အညီ သူနာပြုစုမှုပညာ၏ အဆင့်အတန်း၊ အရည်အသွေးတို့ ပိုမိုတိုးတက်မြင့်မားသည်ထက် တိုးတက်မြင့်မားစေရအောင် အသင်းကြီး၏ အလံတော်အောက်တွင် တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ တညီတညွတ်တည်း လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြပါ၊**
- **ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတို့ကို လက်တွဲဖော်ဆောင်ပေးမည့် နိုင်ငံတော် ရှေ့ဆက်သွားရမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းရေးအတွက်ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ ပါဝင် ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြန်မာနိုင်ငံသူနာပြုအသင်း(ဗဟို)က ဆောင်ရွက်လျက်ရှိသော လူထုအခြေပြုအိမ်တွင်းပြုစုမှုလုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများပြခန်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း သူနာပြုအသင်းခွဲ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့မှ သူနာပြုအသင်းများ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ဆောင်ချက်မှတ်တမ်းဓာတ်ပုံပြခန်းများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ငွေကျပ် ၁၁၉၉၁၈၀၀ တန်ဖိုးရှိသော အင်္ဂလိပ်ဘာသာကျမ်းစာအုပ်ပေါင်း ၁၉၈၉ အုပ်ကို သီတဂူဆရာတော်ကိုယ်စား သီတဂူဝေယျာဝစ္စအဖွဲ့မှ ဦးဟန်က အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာလှဖေထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်ဆရာတော်များအားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ သည်။

ထို့နောက် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရက အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက သာသနိကလက်ဆောင်အဖြစ်ပေးအပ်လိုက်သော ဗောဓိပင်ပျိုးအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဝိသုဒ္ဓိဆရာတော်ကြီး တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်း မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းမှ ဝိသုဒ္ဓိဆရာတော်ကြီးသည် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ရေစင်ကုန်းရှိ ဗိုလ်မှူးသန်းမြင့်အောင်၏ နေအိမ်မင်္ဂလာမဏ္ဍပ်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ပဥ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီအစည်းအဝေး ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပွဲတွင်ဆွမ်းဆက်ကပ်လှူဒါန်းကြမည့် ဆွမ်းအလှူရှင်များအလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားတွင် ဆွမ်းဆက်ကပ်လှူဒါန်းကြမည့် ဆွမ်းအလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာနာယက ကျောင်းတော်ကြီးဘုရားခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသော ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၁ သိန်း၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ်(၁၇၇)နေ ဦးလှအေးနှင့် ကိုးပါးဆေးမိသားစုက ငွေကျပ်ကိုးသိန်း၊ကျေးဇူးရှင်မိဘနှစ်ပါး (ဦးသိန်းမောင်)-ဒေါ်ပါးပါးတို့အား ဦးထိပ်ထား၍ စန္ဒီပရဆေးမိသားစုက ငွေကျပ် ၆၅၀၀၀၀၊ တောင်ဥက္ကလာပမြို့နယ် ငွေကြာရံ (၃)ရပ်ကွက် (၃)လမ်း အမှတ်(၄၈)နေ ဦးအောင်ဒင် မိသားစုက ငွေကျပ် ၆၅၀၀၀၀၊ဒဂုံမြို့နယ်မင်းကျောင်းလမ်း အမှတ်(၂၅)နေ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဒူးရှင်းသီးဦးစိုးမြင့်-ဒေါ်ခင်မာရီ မိသားစုက ငွေကျပ် ၅၀၀၀၀၀၊ ရန်ကုန်မြို့ မဟာစည်ရိပ်သာ ဗုဒ္ဓသာသနနုဂ္ဂဟ အဖွဲ့က ငွေကျပ် ၅၀၀၀၀၀၊ ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ခင်ဝင်းမြင့် ညီအစ်မတစ်စုက ငွေကျပ် ၄၁၅၄၀၀၊ သဃ်န်းကျွန်းမြို့နယ်သုဝဏ္ဏခရေမြိုင်လမ်းနေ ဦးတင်ဝင်း-ဒေါ်သိန်းသိန်းဦး၊ သမီး မသင်းယုအောင် မိသားစုက ငွေကျပ် ၄၀၀၀၀၀၊ တာမွေမြို့နယ် (၁၄၁)လမ်း အမှတ်(၆၅)နေ ဦးအေးတင်-ဒေါ်ကြူကြူ (ဟသ်ာမင်းစာအုပ်ချုပ်လုပ်ငန်း)က ငွေကျပ် ၁၅၀၀၀၀၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအကြံပေးပုဂ္ဂိုလ်ဦးအံ့မောင်-သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်တင်ဆေမိသားစုက ငွေကျပ် ၁၂၀၀၀၀၊ သာကေတမြို့နယ် ရန်အောင်လမ်း အမှတ်(၂)နေ ဦးမြင့်ဌေး-ဒေါ်စန္ဒာဝင်း(ကောင်းမင်းစတိုး) မိသားစုက ငွေကျပ် ၁၂၀၀၀၀၊ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် သာယာဝတီလမ်းနေ ဒေါ်ခင်လှနှင့် ဓမ္မမိတ်ဆွေများက ငွေကျပ် ၁၀၀၀၀၀၊ ပခုက္ကူဆရာတော် ဘဒ္ဒန္တဝိစာရအားအမှူးထား၍ ရဟန်းဒါယကာ ဦးကျော်လှိုင်-ဒေါ်ရီရီဝင်း မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ကမာရွတ်မြို့နယ်နေ ဦးကြိုင်-ဒေါ်ကြည်အေး မိသားစုက ငွေကျပ် ၅၅၀၀၀၊ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် သာယာဝတီလမ်းနေ ဦးလှမျိုး-ဒေါ်ခင်ဝင်းမော် မိသားစုက ငွေကျပ်၅၀၀၀၀၊ ကမာရွတ်မြို့နယ် အင်းလျားလမ်းနေ ဦးမိုးသွင်-ဒေါ်နုနုရီ မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးတင်မိုး-ဒေါ်အေးရှင်၊ ဦးစိန်ဝင်း-ဒေါ်မစ္ဆူထွန်း၊ဦးအောင်နိုင်ထွန်း-ဒေါ်စိုးစိုးအေးတို့က ငွေကျပ် ၄၅၀၀၀ နှင့် ကမာရွတ်မြို့နယ် သံလွင်လမ်းနေ ဦးဝင်းနိုင်-ဒေါ်စန်းစန်းနိုင်တို့က ငွေကျပ် ၁၀၀၀၀ တို့ကိုပေးအပ်လှူဒါန်းကြရာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အကြံပေး ပုဂ္ဂိုလ် ဦးအံ့မောင်နှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်တို့က လက်ခံကြပြီး အလှူရှင်များအား အနုမောဒနာ ဂုဏ်ပြုလွှာများပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှအနုမောဒနာ ရေစက်ချ တရားနာကြားကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ပဥ္စမနှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက် (သောကြာနေ့) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ဗိုလ်ချုပ်လမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ဆေးပညာရှင်အဖွဲ့၏ လုပ်ငန်းရပ်များဆိုင်ရာ ဆွေးနွေးဟောပြောပွဲအဖြစ် "Symposium on Public Health Emergency Management"ကို ဆွေးနွေးတင်ပြကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများတက်ရောက်နိုင်ကြသည်။

ဆေးပညာရှင်အဖွဲ့ဝင်များအနေဖြင့် နံနက် ၈ နာရီမှ စတင်၍ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့ စကားဝါလမ်း(နယူးလင့်လမ်း)ရှိ ယခင် တပ်မတော်ကလေးများ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၇ ရက် နံနက် ၉ နာရီခွဲတွင် မဟာဗန္ဓုလပန်းခြံလမ်း(အထက်ဘားလမ်း)ရှိ အောင်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများ ပူဇော်ပွဲသို့ ကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများမပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေများကို ဦးသောင်းဟန် ဖုန်း-၂၅၄၈၃၆၊ ၂၈၅၂၈၁၊ ဒေါ်ဂျက်နက် ဖုန်း-၂၄၁၀၂၃၊ ၂၄၈၇၉၅၊ ဒေါ်ညွန့်ညွန့်တင် ဖုန်း-၆၉၉၅၁၁၊ ၆၉၉၅၁၈၊ ဒေါ်အေးအေးအောင်(ခ) ဒေါ်အိမ်ကြည် ဖုန်း-၃၇၄၁၇၄၊ ဦးခင်မောင်ဝင်း ဖုန်း-၂၉၅၉၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

ဒေါပုံမြို့နယ် အလက(၃) ကျောင်း၌ ဖေဖော်ဝါရီ၁၈ ရက်က နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား ဒေါပုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ် ဦးစီးဌာနမှူး ဦးဝင်းမြတ်စိုးက ကျောင်းသားတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။ (က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်ပြင်းမားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့်စစ်သည်တော်ကျင့်ဝတ်နှင့်ကျပန်းစကားပြောပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့်စစ်သည်တော်ကျင့်ဝတ်နှင့်ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။

ယင်းသို့ကျင်းပရာတွင် ဗဟိုအဆင့်စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အကြပ်အဆင့် နှုတ်ဖြေပြိုင်ပွဲကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ လည်းကောင်း၊ ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲများကို ကာကွယ်ရေးဝန်ကြီးဌာန ချော်တွင်းကုန်းရှိ ခန်းမဆောင်များ၌လည်းကောင်း အသီးသီးကျင်းပသည်။

ပြိုင်ပွဲများကျင်းပရာသို့ ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ကြရန်နှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် 'ဖွံ့ဖြိုးသာယာပြည်မြန်မာ'နှင့် 'ယဉ်ကျေးမှု အမွေစောင့်ထိန်းလေ'ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀လက်မ x ၁၂လက်မနှင့် အထက်အရွယ် (Print) ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂ္ဂတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ (Data)နှင့် ဓာတ်ပုံအကြောင်းအရာ (Caption)ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်း မရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံ ဖော်ပြချက်ပါရှိရမည်။ Digital ကင်မရာဖြင့် ရိုက်ကူးထားသော ပုံများ ပေးပို့ယှဉ်ပြိုင်ရန်မလိုကြောင်း ကြေညာထားပြီးဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများအား ၂၀၀၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်း၊ တပ်မဌာနချုပ်များ၌ ကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး(ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂-၂၄)ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက ကြေညာချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲကျင်းပရေးကော်မတီစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲကျင်းပရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ လုပ်ငန်းကော်မတီဝင် တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဉာဏ်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ကဗျာနှင့်အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊တက္ကသိုလ်၊ကောလိပ်၊သိပ္ပံနှင့် အခြေခံကျောင်းများ စာပေအနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၊ စာပေ အနုပညာပြိုင်ပွဲ၊ ပြပွဲခင်းကျင်းပြသရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး၊ ဆုချီးမြှင့်ရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီနှင့်ဦးတည်ချက် (၁၂)ရပ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီတို့မှ တာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြဆွေးနွေးကြပြီး အထွေထွေကိစ္စများကို ဆွေးနွေးကြသည်။

ယင်းနောက်သဘာပတိ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲကျင်းပရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဉာဏ်ဝင်းက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် International Planned Parenthood Federation (IPPF) တို့ပူးပေါင်းကျင်းပသော"ICPD + 10 Advocacy and Alliance Building Workshop"ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာလူဦးရေနှင့်ဖွံ့ဖြိုးမှုညီလာခံကချမှတ်ခဲ့သော လုပ်ငန်းစဉ်များသုံးသပ်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် International Planned Parenthood Federation (IPPF) တို့ပူးပေါင်းကျင်းပသော "ICPD+ 10 Advocacy and Alliance Building Workshop"ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကြီးကြပ်ကော်မတီနာယကများ၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေး၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူးများ၊ ကျန်းမာရေးဦးစီးဌာနနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အဖွင့်အမှာစကားပြော

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Rajib. M. Assifi က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြပြီး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှာဖွေဖော်ထုတ်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ၁၉၉၄ ခုနှစ် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံက ချမှတ်ခဲ့သော လုပ်ငန်းစဉ်များအပေါ် မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းအသီးသီး၏ ၁၀နှစ်တာကာလအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြသုံးသပ်ကြကာ နောင်လာမည့် ၁၀နှစ်တာ ကာလအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများတွင် အကောင်းဆုံးဖြစ်စေမည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ချောက်မြို့မဟာစည်ငွေရတုအထိမ်းအမှတ်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မကွေးတိုင်း ချောက်မြို့ အေးစေတီရပ်ဓမ္မဒူပ မဟာစည်ရိပ်သာကျောင်းတိုက်၏ (၂၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မတ် ၅ရက်တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်လှစ်မည်ဖြစ်သည်။

ဆက်လက်၍ ဧပြီ ၂၈ ရက်မှ မေ ၃ ရက်အထိ ညစဉ် ၇ နာရီ၌ အောင်တော်မူဆရာတော်(ရန်ကုန်)၊ စိန်စည်ဆရာတော်(ရန်ကုန်)၊ နိဂြောဓာရုံဆရာတော်(စစ်ကိုင်းအလွှကပ္ပ)၊ စမ်းမြသီတာဆရာတော်(မုံရွာ)၊ ရွှေမြန်မာဆရာတော်ဓမ္မဒူပါ အရှင်ဝိစ္ဆာသိဒ္ဓိတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ အသီးသီးဟောကြားမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများနှင့် ဓမ္မပူဇာအရဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းလိုပါက ဖုန်း-၀၁-၅၈၁၁၆၇၊ ၀၆၁-၂၁၃၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွင်းကုန်အစားထိုးအိမ်တွင်းစက်မှုလက်မှု ထုတ်ကုန်ပြပွဲနှင့်ဆွေးနွေးပွဲနောက်ဆုံးနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသော သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှုထုတ်ကုန်ပြပွဲနှင့် ဆွေးနွေးပွဲ-၂၀၀၄ကို ယနေ့နောက်ဆုံးနေ့အဖြစ် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီးပေါ်ရှိ ယင်းဦးစီးဌာန ရုံးချုပ်ဝင်းအတွင်း၌ဆက်လက်ခင်းကျင်းပြသရာ ပြပွဲလာပြည်သူများနှင့်အထူးစည်ကားလျက်ရှိသည်။

အဆိုပါပြပွဲတွင် ရာမမော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းမှဂျစ်ကား၊ ပစ်ကပ်နှင့် ကုန်တင်ယာဉ်များကိုလည်းကောင်း၊ မော်လမြိုင်စက်မှုဇုန်မှ ပစ်ကပ်မော်တော်ယာဉ် အမျိုးမျိုးကိုလည်းကောင်း ခင်းကျင်းပြသထားရာပြပွဲလာပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။ ထို့အပြင် ယွန်းပညာကောလိပ် (ပုဂံ)နှင့် ပြည်နယ်၊တိုင်းအသီးသီးမှ ရက်ကန်းကျောင်းများ၏ ထုတ်ကုန်ပစ္စည်းများ ပြသရောင်းချလျက်ရှိသည်။

ညနေပိုင်းတွင် သွင်းကုန်အစားထိုးအိမ်တွင်းစက်မှုလက်မှုထုတ်ကုန်ပြပွဲနှင့် ဆွေးနွေးပွဲ-၂၀၀၄တွင် လာရောက် ခင်းကျင်းပြသသော သမဝါယမအသင်းများ၊ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား ပြပွဲခင်းကျင်းပြသရေး ဦးစီးကော်မတီနာယက အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိန်သန်းက ဂုဏ်ပြုလွှာများ ပေးအပ်ပြီး ပြပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွင်းကုန်အစားထိုးအိမ်တွင်း စက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ-၂၀၀၄တွင် ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ချိုချိုက အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သုတေသနပြုလုပ်ငန်းများ အကြောင်း သိကောင်းစရာ စာတမ်းကို ဖေဖော်ဝါရီ၂၁ ရက်တွင်ဖတ်ကြားတင်ပြဆွေးနွေးစဉ်။

(က-ပ)

ဇီးကုန်းမြို့စာဆိုတော်နေ့ စာပေဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၄

စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ဇီးကုန်းမြို့နယ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၇ရက် ည ၇နာရီတွင် ဇီးကုန်းမြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်တင်က အမှာစကားပြောကြားသည်။ထို့နောက် ဇီးကုန်းမြို့နယ်မှ နိုင်ငံတော်အဆင့်ယခုနှစ်ပြိုင်ပွဲများ၌ ဆုရရှိခဲ့ကြသော ကဗျာဆုရ မင်းသွေးနွယ်၊ ကဗျာဆုရ ဦးအေးမော်(ဇီးကုန်း)၊စွမ်းဝေ(ဇီးကုန်း)နှင့် ဆို၊က၊ရေး၊တီးပြိုင်ပွဲနှဲတတိယဆုရ မောင်ရဲဝင်းထွန်းတို့ကိုသက်ဆိုင်ရာက ထပ်ဆင့်ဂုဏ်ပြုဆုများပေးအပ်သည်။

စာဆိုတော်နေ့ စာပေဟောပြောပွဲတွင် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၊ ပျဉ်းမနားမောင်နီသင်းနှင့် အကယ်ဒမီ ဇာတ်ညွှန်းဆုရ ငြိမ်းမင်းတို့က ဟောပြောကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) ခေါင်းဆောင်သောအဆိုပါအဖွဲ့သည်ဖေဖော်ဝါရီ ၇ရက် မွန်းလွဲ ၁နာရီတွင်လည်း အုတ်ဖိုမြို့နယ် ဂုံညင်းတန်းစံပြကျေးရွာတွဲဖက်အထက်တန်းကျောင်း၌ စာပေဟောပြောပွဲကျင်းပရာ အုတ်ဖိုမြို့နယ်

ကာယအလှမယ်နှင့်ဖက်ရှင်မယ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၀၄ခုနှစ် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ပဲခူးတိုင်းအနောက်ပိုင်း ၁၄မြို့နယ် ကာယအလှမယ်နှင့် ဖက်ရှင်မယ်ပြိုင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် ည ၇နာရီက ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ထွန်းသီရိရုပ်ရှင်ရုံခန်းမ၌ကျင်းပသည်။

ရှေးဦးစွာခေတ်ပေါ်တေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေပြီး ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ပြည်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူလေးများက အကများဖြင့် ဖျော်ဖြေကြသည်။ ထို့နောက် ကာယအလှမယ်များက တစ်ဦးချင်းမိတ်ဆက်ပြီး ယှဉ်ပြိုင်ကြရာ ကာယအလှမယ်ပထမဆုကို ပြည်မြို့နယ်မှ မအိအိထွန်းကလည်းကောင်း၊ ဒုတိယဆုကို ပန်းတောင်းမြို့နယ်မှ မထက်ထက်အောင်ကလည်းကောင်း၊ တတိယဆုကို မိုးညိုမြို့နယ်မှ မစန္ဒာအောင်က လည်းကောင်းအသီးသီးရရှိကြပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၏ဇနီး ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နိုင်နိုင်မော်က ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဖက်ရှင်မယ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုကို ပြည်မြို့နယ်မှ မဝင့်ဝါက လည်းကောင်း၊ ဒုတိယဆုကို ရွှေတောင်မြို့နယ်မှ မကေသီလွင်က လည်းကောင်း၊ တတိယဆုကို မိုးညိုမြို့နယ်မှ မဝင်းဝင်းဌေးက လည်းကောင်း အသီးသီးရရှိကြရာ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝေဝေနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်မြနှင့် ကျောင်းအုပ်ဆရာကြီးများ၊ ကျောင်းသားကျောင်းသူများနှင့်ကျေးရွာပြည်သူ ၂၀၀၀ကျော် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ရွှေလောင်းတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ သီချင်းကြီးပဒေသာ
- ၁၇:၃၀ ၇။ ပိုင်ကျုံရေထိန်းတံခါး
- ၁၇:၄၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၅၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၈:၀၀ ၁၀။ တေးဂီတအစီအစဉ်
- ၁၈:၁၅ ၁၁။ Discovery
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Milo Success in Soccer
- ၁၉:၁၀ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၁၉:၂၅ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၄၀ ၁၇။ (၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် "စစ်ချီ၊စစ်ရေး၊စစ်တေးကဗျာ" (အပိုင်း-၂) (ဂီတလုလင် အကယ်ဒမီ ဦးကိုကိုနှင့် ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသား၊ကျောင်းသူများ)
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"**(အပိုင်း-၃)
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

ကျောင်းဆောင်သစ်ပန္နက်တင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မုံရွာခရိုင် ဘုတလင်မြို့နယ် ကံသာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သစ် ပန္နက်တင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၉နာရီ ၄၅မိနစ်တွင် ကံသာရွာ မူလတန်းကျောင်းဝင်းအတွင်း၌ကျင်းပရာ အခြေခံပညာမူလတန်းလွန်ကျောင်းဆောင်သစ် ပန္နက်တိုင်များကို ကျောက်မဲဆရာတော် ဦးသုဇာတနှင့် ဘုတလင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းတို့က စိုက်ထူပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း တာမွေမြို့နယ် မလွှကုန်းဒွေးကြွယ် (က)ရပ်ကွက် သူဌေးလမ်းမိသားစု စနေပတ်ဝါတွင်း/ဝါပ ဆွမ်းလောင်းအသင်းကြီးက ကြီးမှူးကျင်းပသော ပထမအကြိမ်မြောက် အထူးတရားပွဲများကို သူဌေးလမ်း ဓမ္မသဘင်၌ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဓမ္မဒူတအရှင်ဝိမလ (ဓမ္မဒူတ-တောင်စွန်း)၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဓမ္မဒူတ အရှင်ပညာဝရ (ဓမ္မဒူတ-တောင်စွန်း)၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်) အရှင်သူမြတ်တို့က ညစဉ်တရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ်၂၇(°Z°)နေ
ဗိုလ်မှူးချုပ်ဖော်ထွန်း(ငြိမ်း)-ဒေါ်မာလာခင်ညိုတို့၏
တစ်ဦးတည်းသောသား
မောင်နေမျိုးဇော် B.Sc(Physics)
နှင့်
ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်သုရလမ်း၊ အမှတ် ၇၇ နေ
ဦးကာစီ-ဒေါ်ခင်ဖုန်းမြင့်တို့၏
တစ်ဦးတည်းသောသမီး
မတင်မိုးအေး Final Part (II)
Institute of Medicine (I)

တို့သည် ၂၂-၂-၂၀၀၄ ရက်တွင် အမှတ် ၇၇၊ ဗိုလ်သုရလမ်းမင်္ဂလာနေအိမ်၌ နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နေမျိုးဇော်-မတင်မိုးအေး။

ယဉ်ကျေးမှုတက္ကသိုလ်များအတွက် အထူးပြုရည်ညွှန်းသော ယဉ်ကျေးမှုစာတမ်းဖတ်ပွဲကြီး

စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုအနုပညာဘာသာရပ်နယ်ပယ်ရသ စာတမ်းများနှင့်

ဥပမာ၊ ဥပစာတို့ဖြင့် တန်ဆာဆင်အပ်သော ပိဋကတ်တော်လာ အနှစ်သာရ စာတမ်းများ

သဘာပတိအဖွဲ့	-	ဒေါက်တာခင်မောင်ဝင်း (ပညာရေးဝန်ကြီး-ငြိမ်း) ဗိုလ်မှူးချုပ်ခင်အုန်း(ငြိမ်း) (ရာမညကိုကိုနိုင်) ဒေါက်တာခင်မောင်ညွန့် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)
စာတမ်းရှင်များ	-	ပါရဂူ၊ နန္ဒာသိန်းဇံ၊ ချစ်ဦးညို၊ ချစ်စံဝင်း၊ မောင်အံ့ (မဟာဝိဇ္ဇာ၊ဘုံဘော)၊ ဦးမင်းနိုင်၊ ဂီတလုလင်ဦးကိုကို၊ ဦးမြင့်စံ (ပါမောက္ခ-ပန်းပု)
ကျင်းပမည့်နေ့ရက်နှင့် အချိန်	-	၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက် နံနက် ၁၀:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီ မွန်းလွဲ ၁:၀၀ နာရီမှ ညနေ ၄:၀၀ နာရီ
ကျင်းပမည့်နေရာ	-	အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း

စိတ်ပါဝင်စားသူများ တက်ရောက်ကြားနာလေ့လာနိုင်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်အသုံးပြုရန်လိုအပ်သော ရုံးသုံးစက်ပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။
(၁) Personal Computer Intel Pentium IV
1.8 GH z 40 GB HDD 128 MB SD RAN 15 " Monitor
(၂) Laserjet Printer A_4
(၃) Type Writer(Myanmar-18")
(၄) Plain Paper Copier Machine A-3
(၅) Note Book Computer 800 MH z, HDD.128 MB
155 B, CD, IAN, Fax 13.3 TFT
(၆) LCD Data Projector
(၇) Projection Screen(70"x70")
(၈) Motorcycle
၂။ တင်ဒါပေးသွင်းမှုကို ၃-၃-၂၀၀၄ရက် ၁၆:၃၀ နာရီတွင် ပိတ်သိမ်းပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်မြေတိုင်းရပ်ကွက်(၄/စီ) မြေကွက်အမှတ်(၁၉၁) နှစ် ၉၀ ဂရန်မြေ (ဦးဘသော်နှင့်ဒေါ်စောတင်)အမည်ရှိ မြေကွက်ကိုအမှတ်(၃)ဘယသုခ္ခိလမ်း ကျားကွက်သစ်ရပ်ကွက်နေ ဒေါ်ခင်ချစ် ၁၂/တမန(နိုင်)၀၁၁၈၇၅+၆က မြေပုံကူးခွင့် လျှောက်ထားရာ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

စိန်ရတုဆုတောင်းလွှာ

ဦးဝင်းဒင်(လှမောင်)(ဂျပန်ခေတ်စစ်တက္ကသိုလ်ပဋ္ဌမပတ်၊ နောက်ဆုံးပတ်ဗိုလ်သင်တန်း၊ အိမ်တွင်းစက်မှုလက်မှုဦးစီးဌာန ညွှန်ကြားရေးမှူး၊ငြိမ်း၊ ရေနံဓာတုကော်ပိုရေးရှင်းညွှန်မှူး၊ စလေ/ကျွန်းချောင်း၊ ငြိမ်း)-ဒေါ်မြသွင်တို့၏ စိန်ရတုမင်္ဂလာမှသည် ပတ္တမြားရတုသဘင်ကိုပင် ကျော်လွန်၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာရှိပါစေသော်......

သားသမီး၊ မြေး၊ မြစ်တစ်စု။



ရှေးဟောင်းရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဆယ့်တစ်မီးငြိမ်း စေတီတော်အား ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံတည်ထားမည့် လိုဏ်စေတီတော်ကြီး မင်္ဂလာအုတ်မြစ်ချ အခမ်းအနား၊ ဆရာတော် ဘဒ္ဒန္တ ပညာသာရအား သိက္ခာထပ်မင်္ဂလာအခမ်းအနားနှင့် ဆရာတော်စံကျောင်း ရေစက်ချအခမ်းအနားတို့ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ သံဃနာယက ဆရာတော်များ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး နယ်မြေခံ တပ်နယ်မှူးနှင့် အရာရှိများ၊ မိသားစုများ၊ ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်နှင့် အလှူရှင်များ၊ မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အုတ်မြစ်ချ

ရှေးဦးစွာ ဆရာတော်စံကျောင်းရှိ ရှေးဟောင်း ရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး ပန်းတစ်ပွင့်တောင်ပေါ်၌ ဇမ္ဗူအေး ဆယ့်တစ်မီးငြိမ်း စေတီတော်လိုဏ်စေတီတော်ကြီးတည်ရန် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအမှူးပြု၍ တပ်နယ်မှူးနှင့် အလှူရှင်များက ရွှေအုတ် ငွေအုတ်တို့ဖြင့် အုတ်မြစ်ချကြသည်။**(အပေါ်ပုံ)**

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် ဆရာတော် ဘဒ္ဒန္တ ပညာသာရအား မင်္ဂလာသိမ်တော်၌ သိက္ခာထပ် ကံထပ်ပြီး မဟာဓမ္မသုခဗိမာန်တော်ဘုရားဆောင် အထွတ်၌ ထီးတော်များတင်ကာ သံဃာတော်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်၍ ရေစက်ချတရားနာယူကာ နေ့ဆွမ်း ဆက်ကပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အထက်ပိုင်းဆရာဝန်များ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

(၃၁)ကြိမ်မြောက် မြန်မာနိုင်ငံ အထက်ပိုင်းဆရာဝန်များ ဂေါက်သီးရိုက်ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ကော်မတီနာယက မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးထွန်း၊ ကော်မတီဥက္ကဋ္ဌ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဝင်းမြင့်နှင့် ကော်မတီဝင်များ၊ ဂေါက်သီးဝါသနာရှင် ဆရာဝန် မိတ်ဆွေများ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျင်းပရေးကော်မတီ နာယကနှင့် ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆုံးဖြတ်ချက်ချခဲ့ကြသည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်(စနေနေ့) နံနက် ၇ နာရီတွင် အမှတ်(၃) တပ်မတော်ဂေါက်ကွင်း(ရွှေစာရံ)၌ ကျင်းပမည်ဖြစ်ပြီး မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ဂေါက်သီးဝါသနာရှင် ဆရာဝန်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးဝါသနာရှင် ဆရာဝန်များသည် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ဖုန်း-၀၂-၆၄၈၄၄ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် ဖေဖော်ဝါရီ ဂေါက်ရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ဥက္ကလာဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းက တပ်မတော်(ကြည်း)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲစဉ်အပြီးတွင် ပို့ဆောင်ရေးအသင်းက ကိုးပွဲကစား၊ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ၂၂မှတ်ဖြင့် ဒုတိယနေရာ၌ရပ်တည်နေသည်။ တပ်မတော်(ကြည်း)အသင်းက ကိုးပွဲကစား၊ နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံး ၁၀မှတ်ဖြင့် အဆင့်(၈)၌ရပ်တည်နေသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၂၅ရက်(ယနေ့)ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ လယ်/ဆည်အသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို ကျီတော်ရပ်ကွက် ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြမြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(၂၅၉)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများကို ၂၅–၂–၂၀၀၄ နေ့မှစ၍ နေ့စဉ်ဖော်ပြသွားမည် ဖြစ်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
စိတ်ကြိုက်မြန်မာစာဘာသာ သိကောင်းစရာ

ခု ပို့ချမယ့် အကြောင်းအရာကတော့ **'စိတ်ကြိုက် မြန်မာစာဘာသာရပ်အကြောင်း သိကောင်းစရာ'** ဖြစ်ပါတယ်။ စိတ်ကြိုက်မြန်မာစာဆိုတာ **'စိတ်ကြိုက်'** ဆိုတဲ့ ဝိသေသနဲ့အညီ တပည့်တို့စိတ်ကြိုက်ဘာသာအဖြစ် ရွေးချယ်ယူခွင့်ရှိတဲ့ ဘာသာရပ်ဖြစ်ပါတယ်။ မြန်မာစာကို အဆင့်မြင့်မြင့် ဆက်လက် လေ့လာနိုင်ဖို့ ဦးတည်ပြီး လမ်းခင်းထားတဲ့ ဘာသာရပ်ဖြစ်ပါတယ်။ စိတ်ကြိုက်မြန်မာစာသင်ရတဲ့ ရည်မှန်းချက်တွေကတော့ မြန်မာစာပေရဲ့ တိုးတက်မှုအစဉ်ကို သိစေဖို့၊ စကားပြေတွေ၊ ကဗျာတွေကို ဝေဖန်အကဲဖြတ်နိုင်စေဖို့၊ အရေးအသားကျွမ်းကျင်တတ်မြောက်စေဖို့၊ မြန်မာဝေါဟာရတွေကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်စေဖို့၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို အလေးထား တတ်စေဖို့ဆိုတဲ့ အချက်တွေပဲဖြစ်ပါတယ်။

ဒီရည်မှန်းချက်တွေနဲ့အညီ ပြဋ္ဌာန်းထားတဲ့ စာအုပ်တွေကတော့ တပည့်တို့ သိထားတဲ့အတိုင်း မောင်ရင်မောင် မမယ်မဝတ္ထု၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းတို့ပဲ ဖြစ်ပါတယ်။ ဒီစာအုပ်တွေကို တပည့်တို့ရဲ့ ဆရာ ဆရာမတွေက ကျေကျေညက်ညက်သင်ကြားပေးပြီးပြီမို့ ဒီပို့ချချက်တွေမှာ ခုလို စာမေးပွဲနီးချိန်မှာ ဒီစာအုပ်တွေနဲ့ ပတ်သက်ပြီး ဂရုပြုရမယ့် သိကောင်းစရာတွေကို ပို့ချ ဆွေးနွေးမှာဖြစ်ပါတယ်။

မောင်ရင်မောင်မမယ်မဝတ္ထုဟာ ဂျိမ်းလှကျော်ရေးသားတဲ့ ဝတ္ထုဖြစ်တယ်။ ၁၉၀၄ခုနှစ်မှာရေးတယ်။ ပြင်သစ် ဝတ္ထုရေးဆရာကြီး အလက်ဇန်ဒါးဒူးမားရဲ့ မွန်တီခရစ္စတိုနယ်စားကြီးဝတ္ထုကို တစ်စိတ်တစ်ပိုင်း မှီငြမ်းပြုပြီး ဂျိမ်းလှကျော်ရဲ့ ပင်ကိုစိတ်ကူးတွေ ဖြည့်စွက်ရေးသားထားတဲ့ ဝတ္ထုဖြစ်တယ်။ ပထမဆုံးပေါ်ပေါက်တဲ့ မြန်မာကာလပေါ် ဝတ္ထုဖြစ်တယ်ဆိုတဲ့ နောက်ခံအချက်အလက်တွေကို တပည့်တို့သိထားပြီးကြပြီ မဟုတ်လား။ ဒီဝတ္ထုကို လေ့လာရာမှာ စာအုပ်အမှာစာမှာ ဖော်ပြထားတဲ့ ဝတ္ထုသဘောတရား၊ ဝတ္ထုလေ့လာနည်းတွေနဲ့အညီ လေ့လာရမှာဖြစ်ပါတယ်။ ဝတ္ထုရဲ့ အဓိက အင်္ဂါရပ်တွေဖြစ်တဲ့ ဇာတ်လမ်း၊ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ အရေးအဖွဲ့ဆိုတဲ့ ကဏ္ဍတွေခွဲပြီး လေ့လာရမှာဖြစ်ပါတယ်။ ဇာတ်လမ်းကိုလေ့လာရာမှာလဲ အားပြိုင်မှုတွေနဲ့ ဇာတ်လမ်းကို အရှိန်တက်အောင် ဘယ်လိုဖွဲ့သလဲ၊ ဇာတ်ထွတ်ကိုဘယ်လိုရောက်သလဲ၊ ဇာတ်ထွတ်ကနေပြီး ဘယ်လိုပြန်ဆင်းသလဲ၊ မြုပ်ကွက်တွေ၊ နိမိတ်ပြကွက်တွေ ဘယ်လိုသုံးထားသလဲ စတဲ့ အချက်တွေကို မောင်ရင်မောင် မမယ်မဝတ္ထုနဲ့ ဆက်စပ်ပြီး လေ့လာရပါလိမ့်မယ်။ အဲဒီလိုပါပဲ ဇာတ်ဆောင် တစ်ဦးစီရဲ့ စရိုက်ဖော်ပုံ၊ ကာလဒေသ နောက်ခံအဖွဲ့တွေ ရေးဖွဲ့ပုံတို့ကိုလဲ လေ့လာရပါလိမ့်မယ်။

မောင်ရင်မောင် မမယ်မဝတ္ထုမှာ တစ်ခန်းချင်း လေ့လာထားသင့်တဲ့ အခန်းတွေလဲ ရှိပါတယ်။ မောင်ရင်မောင်နဲ့ မမယ်မမင်္ဂလာဆောင်ခန်း၊ မောင်ရင်မောင်ထောင်က ထွက်ပြေးခန်း၊ မဖားဥနဲ့ ပြန်တွေ့ခန်း၊ မောင်ရင်မောင်နဲ့ မစောတင်တွေ့ခန်း၊ ဇာတ်သိမ်းမှာ မောင်ရင်မောင်နဲ့မမယ်မပြန်တွေ့ခန်းဆိုတဲ့ အခန်းတွေကို တစ်ခန်းချင်းလေ့လာထားသင့်ပါတယ်။ မောင်ရင်မောင်၊မမယ်မ၊ မောင်မြတ်သာ၊ မစောတင်၊ ဦးဖိုးအို၊ မဖားဥ၊ ဦးပေါ်လာ၊ ဦးဖြူတုတ် စတဲ့ ဇာတ်ဆောင်တစ်ယောက်ချင်းရဲ့အကြောင်းကိုလဲ လေ့လာထားရပါလိမ့်မယ်။

သံဝရပျို့ကတော့ ရှင်မဟာရဋ္ဌသာရ ရေးဖွဲ့ထားတဲ့ပျို့ဖြစ်ပါတယ်။ ငါးရာငါးဆယ်ဇာတ်တော်ထဲက သံဝရဇာတ်ကို ပျို့ပြန်ဖွဲ့ထားတာဖြစ်ပါတယ်။ တပည့်တို့အတွက် အပိုဒ်(၁)က(၉၁)အထိ ပြဋ္ဌာန်းထားပါတယ်။ ပျို့စာအုပ်နိဒါန်းမှာလဲ လေ့လာနည်းကို လမ်းညွှန်ထားပြီးဖြစ်ပါတယ်။ ပျို့မှာဖွဲ့ထားတဲ့အကြောင်းအရာတွေကို ကိုယ့်အရေးအသားနဲ့ ပြန်ရေးပြနိုင်ဖို့ လိုပါတယ်။ နိဒါန်းမှာ ခွဲပြထားတဲ့ အခန်းတစ်ခန်းချင်းအလိုက် လေ့လာပါ။ သံဝရမင်းသား၊ ဆရာအမတ်ကြီး၊ ဗြဟ္မဒတ်မင်းကြီးဆိုတဲ့ ဇာတ်ဆောင်တစ်ဦးချင်းရဲ့စိတ်ထား၊ အရည်အချင်းစတဲ့ အကြောင်းအရာတွေကိုလဲ လေ့လာထားရမှာဖြစ်ပါတယ်။ ပြီးတော့ ပျို့မှာဖွဲ့ထားတဲ့ ဥပမာအလင်္ကာအဖွဲ့တွေ၊ရူပကအလင်္ကာအဖွဲ့တွေ၊ စကားပုံဆိုရိုးတွေရဲ့ အဓိပ္ပာယ်တွေကိုလဲ အသေးစိတ် နားလည်အောင် လေ့လာထားရပါလိမ့်မယ်။ 'ရွှေဟန်အယောင်၊ ဟင်္သာဘောင်တွင်၊ အတောင်ဖြူစွာ၊ ဖျိုင်းပမာသို့' ဆိုတဲ့ ဥပမာအလင်္ကာအဖွဲ့မျိုးတွေကိုလဲ အသေးစိတ်ရှင်းပြတတ်ဖို့ လိုပါလိမ့်မယ်။ ပျို့ကို နှစ်သက်စရာကောင်းအောင် ဘယ်လိုတန်ဆာဆင် ရေးဖွဲ့ထားသလဲဆိုတာ အာရုံပြုပြီး လေ့လာသင့်ပါတယ်။

မြန်မာကဗျာဖွဲ့နည်းကတော့ အခြေခံကဗျာဖွဲ့နည်းတွေ တတ်ကျွမ်းစေဖို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ တပည့်တို့အတွက် ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ တေးထပ်ဆိုတဲ့ ကဗျာဖွဲ့နည်းတွေကို ပြဋ္ဌာန်းထားပါတယ်။ ကဗျာအမျိုးအမည်တစ်ခုစီရဲ့ အဓိပ္ပာယ်ကို သိပြီးတဲ့နောက် ကဗျာတစ်ပုဒ်ကို မြင်လိုက်တာနဲ့ ဒွေးချိုးလား၊ လေးချိုးလား၊ လွမ်းချင်းလား စသည်ဖြင့် အမျိုးအမည် ခွဲခြားသိဖို့နဲ့ ကာရန်စနစ်ကို သိဖို့လိုအပ်ပါတယ်။ ကဗျာဖွဲ့နည်းသင်ကြားရာမှာ အခြေခံဖြစ်တဲ့ အသံစနစ်၊ ကာရန်စနစ်တွေကို သင်ကြားပေးထားပြီးဖြစ်တဲ့အတွက် ကဗျာအမျိုးအမည် တစ်ခုစီရဲ့ အသံသဘော၊ ကာရန်သဘောတွေကို အကျွမ်းတဝင်ရှိနေဖို့ လိုအပ်ပါတယ်။

နောက်ဆုံးပြောရမယ့်စာအုပ်ကတော့ မြန်မာစာပေသမိုင်းပါပဲ။ တပည့်တို့အတွက် ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် စာပေသမိုင်းကို ပြဋ္ဌာန်းထားပါတယ်။ နောက်ခံခေတ်အခြေအနေတွေကို အကြောင်းပြုပြီး ဝတ္ထု၊ သုတစကားပြေ၊ ပြဇာတ်၊ ကဗျာဆိုတဲ့ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာပုံကို ဆက်စပ်ပြထားပါတယ်။ အသေးစိတ်အချက်အလက်တွေ မှတ်သားဖို့နဲ့ ကဏ္ဍအလိုက်ခြုံပြီး ဆွေးနွေးနိုင်ဖို့ လိုအပ်ပါတယ်။

မေးခွန်းပုံစံအရ (၄)ပုဒ်မေးမှာဖြစ်ပြီး တစ်ပုဒ်စီကို (က)(ခ)အပိုင်းနှစ်ပိုင်းစီပါပါတယ်။ မေးခွန်း(၁)မှာ မောင်ရင်မောင် မမယ်မဝတ္ထုရဲ့သဘောတရားနည်းနာပိုင်းနဲ့ ဝတ္ထုဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံ အရေးအဖွဲ့တို့ကို သုံးသပ်တဲ့အပိုင်းတို့ ပါဝင်တယ်။ မေးခွန်း(၂)က သံဝရပျို့ဖြစ်ပါတယ်။ ပျို့ထဲက စာပိုဒ်တွေကို အဓိပ္ပာယ်ရှင်းပြတဲ့အပိုင်းရယ်၊ ပျို့ရဲ့အကြောင်းအရာ အရေးအဖွဲ့တွေကို သုံးသပ်တဲ့အပိုင်းရယ် ပါဝင်ပါတယ်။ မေးခွန်း(၃) မြန်မာကဗျာဖွဲ့နည်းမှာ ကဗျာအမျိုးအမည်၊ ဖွဲ့နည်း စတဲ့အကြောင်းတွေကို မှတ်စုရေးတဲ့အပိုင်းနဲ့ ပေးထားတဲ့ကဗျာရဲ့ ကဗျာအမျိုးအမည် ဖော်ပြပြီး ကာရန်စနစ်ကို ပြရတဲ့အပိုင်း ပါဝင်ပါတယ်။ မေးခွန်း(၄) မြန်မာစာပေသမိုင်းမှာတော့ ဓမ္မဓိဋ္ဌာန်အချက်အလက်တွေ ဖော်ပြရတဲ့အပိုင်းနဲ့ ကဏ္ဍအလိုက်ခြုံပြီး ဆွေးနွေးရတဲ့အပိုင်းတွေ ပါဝင်ပါတယ်။

ကဲ–ဒီလောက်ဆိုရင် စိတ်ကြိုက်မြန်မာစာဘာသာရပ်နဲ့ပတ်သက်တဲ့ သိကောင်းစရာတွေကို တပည့်တို့ခြုံပြီး သိလောက်ပြီလို့ ထင်ပါတယ်။ စိတ်ကြိုက်မြန်မာစာဟာ မြန်မာစာအခြေခံကောင်းတွေ ချမှတ်ပေးထားတဲ့ ဘာသာရပ်ဖြစ်တဲ့အတွက် ပြဋ္ဌာန်းထားတဲ့ စာအုပ်တွေကို ကျေကျေညက်ညက် လေ့လာခြင်းအားဖြင့် မြန်မာစာအခြေခံ ခိုင်မာကြပါစေလို့ ဆန္ဒပြုရင်း ရပ်နားလိုက်ပါတယ်။ ။

တက္ကသိုလ်ဝင် စာမေးပွဲ
ဘောဂဗေဒဘာသာ သိကောင်းစရာ

ဒီနေ့တင်ပြမယ့် အကြောင်းကတော့ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမယ့်ကျောင်းသူ ကျောင်းသားတွေအတွက် ဘောဂဗေဒဘာသာရပ်နဲ့ ပတ်သက်တဲ့ သိကောင်းစရာဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကစပြီး ဘောဂဗေဒဘာသာရပ်ကို သီးခြားဘာသာရပ်အဖြစ် ဖြေဆိုခဲ့ရပါတယ်။ တိုင်းနဲ့ပြည်နယ်အလိုက် တက္ကသိုလ်ကြီး ၁၀ခုမှာ ဘောဂဗေဒမေးခွန်းကို သီးခြားစီမေးခဲ့ပါတယ်။ အခု ဘောဂဗေဒဘာသာရပ် သိကောင်းစရာ အစီအစဉ်မှာ မေးခွန်းပုံစံကို ရှင်းပြပါမယ်။

ဘောဂဗေဒမေးခွန်းလွှာကို အပိုင်း(က)နဲ့ အပိုင်း(ခ)ဆိုပြီး နှစ်ပိုင်းခွဲခြား မေးထားပါတယ်။ အပိုင်း(က)က မဖြေမနေရ ဖြေဆိုရမယ့် မေးခွန်းဖြစ်ပြီး မေးခွန်း(၂)ပုဒ်မေးထားပါတယ်။ မေးခွန်းနံပါတ် (၁)နဲ့ နံပါတ်(၂) ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁)ကိုထပ်ပြီး(၁က)နဲ့(၁ခ)ဆိုပြီး (၂)ပုဒ်ခွဲမေးထားပါတယ်။(၁က)က မှား/မှန် ဖြေဆိုရမယ့် မေးခွန်းဖြစ်ပါတယ်။ မေးခွန်း(၁၀)ခု မေးထားပြီး တစ်ခုကိုတစ်မှတ်စီနဲ့ စုစုပေါင်း (၁၀)မှတ် ပေးထားတဲ့ မေးခွန်းဖြစ်ပါတယ်။ (၁ခ) ကတော့ ကွက်လပ်ဖြည့်မေးခွန်းဖြစ်ပါတယ်။ (၁ခ)မှာလဲမေးခွန်း (၁၀)ခု မေးထားပြီး တစ်ခုကို တစ်မှတ်စီနဲ့ စုစုပေါင်း(၁၀)မှတ် ပေးထားပါတယ်။ ဒါကြောင့် မေးခွန်းနံပါတ်(၁) အားလုံးမှန်ရင် အမှတ်ပြည့်(၂၀)ရနိုင်ပါတယ်။

မေးခွန်းနံပါတ် (၂)ကတော့ အဓိပ္ပာယ်ဖွင့်ဆိုချက် မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁၅)ခုပေးထားပြီး နှစ်သက်ရာ (၁၀)ခုကို ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို (၂)မှတ်စီနဲ့ စုစုပေါင်းအမှတ် (၂၀)ဖိုးမေးထားပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုရေးတဲ့အခါ ပြဋ္ဌာန်းထားတဲ့ သင်ရိုးစာအုပ်မှာ ဖော်ပြထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တိတိကျကျရေးရပါမယ်။ ကိုယ့်စာသားနဲ့ကိုယ် အဓိပ္ပာယ်ပေါ်အောင်ရေးလို့ မရပါဘူး။ ဒါကြောင့် အဓိပ္ပါယ်ဖွင့်ဆိုချက်တွေကို အလွတ်ရအောင် ကျက်မှတ်ထားဖို့လိုပါတယ်။ ဒါပေမယ့် အဓိပ္ပာယ်ကို သဘောပေါက်အောင်တော့ လေ့လာထားဖို့လိုပါတယ်။

အပိုင်း(ခ)မှ စုစုပေါင်းမေးခွန်း(၄)ပုဒ်မေးထားပါတယ်။ ဒီ(၄)ပုဒ်ထဲက နှစ်သက်ရာ(၃)ပုဒ် ရွေးချယ်ဖြေဆိုနိုင်ပါတယ်။ မေးခွန်းနံပါတ် (၃)၊(၄)၊(၅)၊(၆)တို့ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃)၊(၄)၊(၅)တို့က ပုံစံတူမေးခွန်းတွေ ဖြစ်ပါတယ်။ မေးခွန်းတစ်ခုစီမှာ အပိုင်း(၂)ပိုင်းစီပါဝင်ပြီး(က)အပိုင်းက မေးခွန်းရှည်၊ (ခ)အပိုင်းက မှတ်စုတိုဖြစ်ပါတယ်။ (ခ)အပိုင်းမှတ်စုတိုမှာ (၄)ပုဒ်မေးထားပြီး (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရပါမယ်။ အပိုင်း(က) မေးခွန်းရှည် တစ်ပုဒ်တည်းအတွက် အမှတ်(၂၀) ပေးထားပြီး အပိုင်း(ခ) မှတ်စုတိုအတွက် တစ်ပုဒ်(၁၀)မှတ်စီနဲ့ အမှတ်(၂၀)ပေးထားပါတယ်။ အပိုင်း(က)နဲ့ (ခ) နှစ်ခုအနက်က နှစ်သက်ရာအပိုင်းကိုသာ ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ အပိုင်း (က)နဲ့ (ခ) နှစ်ပိုင်းစလုံး ဖြေစရာမလိုပါဘူး။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ် (၆)ကတော့ တစ်ပုဒ်လုံး ဖြေဆိုရမယ့် မေးခွန်းဖြစ်ပါတယ်။ ဖြေရမယ့် ပုံစံကတော့ တွက်ချက်ပြီး သုံးသပ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ခြုံပြီး ကြည့်လိုက်ရင် ဘောဂဗေဒမေးခွန်းလွှာမှာ မေးခွန်း (၅)မျိုး ပါဝင်တာကို တွေ့ရပါတယ်။ ဒါတွေကတော့ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်၊ (၃) မှတ်စုတို၊ (၄) မေးခွန်းရှည်နဲ့ (၅) တွက်ချက်သုံးသပ်ဖြေဆိုရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ စုစုပေါင်းမေးခွန်း (၆)ပုဒ်ပေးထားပြီး (၅)ပုဒ်ရွေးချယ် ဖြေဆိုရပါမယ်။ စုစုပေါင်းဖြေဆိုရမယ့် (၅) ပုဒ်အနက်ကလဲ နံပါတ် (၁) နဲ့ (၂)က မဖြေမနေရ ဖြေဆိုရမယ့်မေးခွန်းဖြစ်ပြီး ကျန်(၃)ပုဒ်ကိုသာ အပိုင်း (ခ)က ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်းပုံစံကို တင်ပြပြီးတဲ့နောက် မေးခွန်းဖြေဆိုပုံ ဖြေဆိုနည်းတွေကို ဆက်ပြီးတင်ပြပါမယ်။ နံပါတ် (၁) ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့ မှား/မှန် မေးခွန်းကိုဖြေတဲ့အခါ မေးခွန်းကို သဘောပေါက်နားလည်အောင် စဉ်းစားပြီးမှ ဖြေဆိုသင့်ပါတယ်။ အလွယ်တကူ ဖြေဆိုနိုင်အောင်ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန်ကျေညက်အောင် ဖတ်ထားဖို့လိုပါတယ်။ ဥပမာ'ဝယ်လိုအားမျဉ်းကွေးသည် လက်ဝဲဘက်မှ လက်ယာဘက်သို့ စောင်းဆင်းသွားသည်'ဟု မေးထားပြီး မှား/မှန် ဖြေဆိုခိုင်းရင် အဖြေမှာ'မှန်'ဖြစ်ပါတယ်။ ကုန်စည်ရဲ့ ဈေးနှုန်းနဲ့ ဝယ်ယူတဲ့ အရေအတွက် ပြောင်းပြန်ဆက်စပ်တဲ့အတွက် ဝယ်လိုအားမျဉ်းကွေးမှာ အနုတ်လက္ခဏာ လျှောစောက်ရှိပြီး လက်ဝဲဘက်မှ လက်ယာဘက်စောင်းဆင်းနေခြင်းဖြစ်ပါတယ်။ ဈေးနှုန်းကျရင် ကုန်စည်ကို ပိုမိုဝယ်ယူမယ် ဆိုတာကို ဖော်ပြခြင်းဖြစ်ပါတယ်။

အကယ်၍ 'ဝယ်လိုအားမျဉ်းကွေးသည် လက်ယာဘက်မှ လက်ဝဲဘက်သို့ စောင်းတက်သွားသည်'ဟု မေးထားပြီး မှား/မှန် ဖြေဆိုခိုင်းရင်လဲ အဖြေမှာ 'မှန်'ပဲဖြစ်ပါတယ်။ ကုန်စည်ရဲ့ ဈေးနှုန်းနဲ့ ဝယ်ယူတဲ့ အရေအတွက် ပြောင်းပြန် ဆက်စပ်တဲ့အတွက် ဈေးနှုန်းတက်ရင် ကုန်စည်ကို လျှော့ဝယ်ယူမယ် ဆိုတာကို ဖော်ပြခြင်းဖြစ်တဲ့အတွက် လက်ယာဘက်မှ လက်ဝဲဘက်သို့ စောင်းတက်သွားခြင်းဖြစ်ပါတယ်။ ဒါကြောင့် မှား/မှန် မေးခွန်းဖြေနိုင်ဖို့အတွက် သဘောတရားကို နားလည်အောင် လေ့လာထားဖို့လိုပါတယ်။

ကွက်လပ်ဖြည့်မေးခွန်းကို ဖြေတဲ့အခါမှာလဲ ကွက်လပ်ထဲမှာတိကျတဲ့ စကားလုံးတွေကိုသာ ရေးဖို့လိုပါတယ်။ ဥပမာ 'ကုန်စည်တစ်ခုကို လိုအင်ဆန္ဒရှိခြင်း၊ ကုန်စည်ဈေးနှုန်းကို ပေးနိုင်စွမ်းရှိခြင်းနှင့် ပေးရန်အသင့်ရှိခြင်းတို့ ပြည့်စုံမှသာလျှင် (–––––)ကို ဖြစ်ပေါ်စေသည်'လို့ပေးထားရင် ကွက်လပ်ထဲမှာ ဖြည့်ရမယ့် စကားစုက (ထိရောက်သောဝယ်လိုအား) ဖြစ်ပါတယ်။ ဒါကြောင့် ဝယ်လိုအားလို့ ရေးထားရင် အမှတ်မရတော့ပါဘူး။ စကားလုံးတွေ ပြည့်စုံမှအမှတ်ရပါမယ်။ နောက်ဥပမာတစ်ခု ထပ်ပေးပါဦးမယ်။ 'အခွန်စည်းကြပ်ရာ၌ နှုန်းတိုးခြင်း၊ အချိုးတူခြင်း၊ နှုန်းလျှော့ခြင်းတို့ကို (––––)များဟု ခေါ်သည်' လို့ပေးရင် ကွက်လပ်ထဲမှာ ဖြည့်ရမယ့်အဖြေက (အခွန်စည်းကြပ်မှု ပုံသဏ္ဍာန်)ဖြစ်ပါတယ်။ အခွန်စည်းကြပ်မှု နှုန်းလို့ဖြေရင် အမှတ်မပေးပါဘူး။ နံပါတ်(၂) အဓိပ္ပါယ်ဖွင့်ဆိုချက်နဲ့ ပတ်သက်ပြီးတော့ ရှေ့ပိုင်းမှာ ပြောထားတဲ့အတိုင်း ပြဋ္ဌာန်းစာအုပ်မှာ ဖော်ပြထားတဲ့အတိုင်း ရေးဖို့လိုအပ်ပါတယ်။

အပိုင်း(ခ) မေးခွန်းရှည်နဲ့ မှတ်စုတိုဖြေဆိုရာမှာလဲ မေးခွန်းမှာပါရှိတဲ့အကြောင်းအရာနဲ့ပတ်သက်တဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို အရင်ဆုံးရေးပြီးမှ ရှင်းလင်းချက်တွေကို ဆက်ရေးရမှာဖြစ်ပါတယ်။ ဥပမာ–ရသုံးမှန်းခြေငွေစာရင်းအကြောင်း ရှင်းလင်းပါလို့မေးထားရင် ရသုံးမှန်းခြေငွေစာရင်းရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက် ဦးစွာရေးပြီးမှ ရသုံးမှန်းခြေငွေစာရင်းအကြောင်း ဆက်ရှင်းသွားရမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၆) အကြောင်းကိုတော့ အထူးမှာကြားလိုပါတယ်။ ဒီမေးခွန်းကတော့ တွက်ချက်ပြီး သုံးသပ်ဝေဖန် ဖြေဆိုရမယ့်မေးခွန်းဖြစ်လို့ ပုံသေနည်းတွေကို သိထားဖို့လိုတဲ့အပြင် ရလာတဲ့အဖြေကိုလဲ မှန်မှန်ကန်ကန် သုံးသပ်ဝေဖန်ရမှာဖြစ်ပါတယ်။ အထူးမှာကြားလိုတဲ့ အချက်ကတော့ ဒီမေးခွန်းကို ပိုင်ပိုင်နိုင်နိုင်ရှိတယ်ဆိုမှ ဖြေဆိုသင့်ပါတယ်။ ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းလို့ဖြေတယ်ဆိုရင် အမှတ်ပြည့်ရနိုင်ပါတယ်။ မပိုင်ဘဲနဲ့ ဒီမေးခွန်းကိုဖြေရင် ရရှိနိုင်တဲ့အမှတ်တွေ နစ်နာသွားနိုင်ပါတယ်။ **စာမျက်နှာ ၁၆ ကော်လံ ၁**

ဖေဖော်ဝါရီ ၁၄ ရက်က ကို့ပင်ကောက်မြို့ အထက်တန်းကျောင်း ရွှေညီလာခန်းမတွင် ကျင်းပသော ဇမ္ဗူရတနာယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်း၏ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ စာအောင်ဆုပေးပွဲတွင် မြို့နယ်ရွှေဆွဲပြားဆုကိုရရှိသော ဇောဓိရက္ခ မူလတန်းကျောင်းသူ မသင်းသီရိကိုအား ပညာရေးမှူးဒေါ်ခင်အေးကြူက ချီးမြှင့်စဉ်။ (က-ပ)

လမ်းတံတားကြည့်ရှု

သာပေါင်း ဖေဖော်ဝါရီ ၁၈

သာပေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်းတံတားများကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းများ ဆောင်ရွက်ရာ သာပေါင်း-ဆောင်ဘုံလမ်း ကျောက်ချောခင်းလုပ်ငန်းနှင့် ကျေးရွာသုံးရွာအဝီစိတွင်း တူးဖော်ခြင်း လုပ်ငန်းများ ပြီးစီးမှု အခြေအနေကို ဖေဖော်ဝါရီ ၁၄ရက်က အမှုဆောင်အရာရှိဦးအောင်ကျော်မျိုးနှင့် အင်ဂျင်နီယာ ဦးထွန်းထွန်းဦးတို့က သွားရောက်ကြည့်ရှုကြသည်။ (က-ပ)

ဖယ်လ်ကွန်စက်သုံးဆီ နှစ်လယ်အရောင်းပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

Falcon Super Lubricants ၏နှစ်လယ်အရောင်းပွဲတော်ပိတ်ပွဲနှင့် (၁၀) နှစ်ပြည့်မြောက်အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ၆နာရီက ရန်ကုန်မြို့ ဂရင်းပလာဇာပတ်၆် ရှိုင်ရယ်ဟိုတယ်ခန်းမ၌ကျင်းပရာ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟန်မြန်မာ ထုတ်ကုန်သွင်းကုန်လုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး Falcon Company Limited ၏ Commercial Sale Manager မစ္စတာ ဆိုဟေးမွတ်ချ်တာဘာက ရှင်းလင်းတင်ပြကာ ကံထူးရှင် အရောင်းကိုယ်စားလှယ်များအား ဆုများ အသီးသီးချီးမြှင့်ကြသည်။ **(အောက်ပုံ)** (က-ပ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

အောင်လံမြို့နယ် ကင်ပွန်းခြံကျေးရွာတွင် ဖေဖော်ဝါရီ ၁၀ ရက်က အခြေခံပညာမူလတန်းလွန်ကျောင်း ပန္နက်တင်မင်္ဂလာနှင့် ခိုင်ရွှေဝါ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအေးဝင်း၊ လက်ထောက်ပညာရေးမှူး ဦးသန်းဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့

ဓနိကုန်း ဖေဖော်ဝါရီ ၂၀

ဓနိကုန်းမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ၁၃၆၅ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ရန် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ပေးအပ်သည့် အလှူငွေနှင့်ပစ္စည်းများ ထပ်ဆင့်ကန်တော့ပွဲနှင့် စာပေဟောပြောပွဲကို ဓနိကုန်းမြို့နယ်ခန်းမတွင် ဖေဖော်ဝါရီ ၇ ရက်က ကျင်းပသည်။

အခမ်းအနားအပြီးတွင် ဂုန်ညှင်းတန်းကျေးရွာ အထက်တန်းကျောင်းခွဲတွင် စာရေးဆရာကြီးများဖြစ်သည့် ချစ်နိုင် (စိတ်ပညာ)၊ ပျဉ်းမနားမောင်နီသင်း၊ အကယ်ဒမီ ငြိမ်းမင်းတို့က မြန်မာစာ စာစီစာကုံးနှင့် လူငယ်စာရိတ္တပြုပြင်ရေးတို့ကို ဟောပြောကြရာကျောင်းအုပ်ဆရာကြီးဦးသိန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဓနိကုန်းမြို့ မြို့နယ်ခန်းမ၌ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်တင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သက်ကြီးစာပေပညာရှင်ကြီးများဖြစ်သည့် ဆရာလွန်း (ဓနိကုန်း)နှင့် ဆရာသန်းဖေ(ဓနိကုန်း)တို့ကို ကန်တော့ကြသည်။ နိုင်ငံတော်အဆင့်စာပေပြိုင်ပွဲများတွင် ၂၀၀၃ ခုနှစ်အတွင်း ဆုရသူများနှင့် မြို့နယ်အဆင့်ဆုရသူများကို စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက ဆုများပေးအပ်ကြသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရွှေဘိုမြို့နယ် ရွှေဘို-ကံဇူး ကျောက်ချောလမ်းခင်းလုပ်ငန်းကို သူဇာရပ်နေ ဦးတင်ထွန်းဦးက တာဝန်ယူခင်းသော ပေ ၁၅၀၀ ကျောက်ကြီးခင်း ပြီးစီးမှုကို ဇန်နဝါရီ ၁၂ ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်မောင်းတို့က ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

စာမျက်နှာ ၁၅ မှ

မေးခွန်းနံပါတ်(၆)နဲ့ပတ်သက်ပြီးတော့ မေးလေ့မေးထရှိတဲ့ ပုံစံတွေကို ဆက်ပြီးတင်ပြပါမယ်။ အခန်း(၁) အင်အားစုခွဲဝေမှု ပြဿနာနှင့် ဈေးကွက်စီးပွားရေးစနစ်ထဲမှာ အခွင့်အလမ်းစရိတ်နဲ့ ထုတ်လုပ်နိုင်မှုအခြေပြ မျဉ်းကွေးအကြောင်း မေးနိုင်ပါတယ်။ ထုတ်လုပ်မှုဇယားပေးထားပြီး ဇယားမှာပါတဲ့ အချက်အလက်တွေအရ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး ရေးဆွဲခိုင်းနိုင်ပါတယ်။ နောက် အခွင့်အလမ်းစရိတ်တွက်ခိုင်း နိုင်ပါတယ်။ အခွင့်အလမ်းစရိတ် တွက်ချက်ပြီးရင် ဒီစရိတ်တွေကို သုံးသပ်ပြီး ကောက်ချက်ချခိုင်းနိုင်ပါတယ်။

ပြဋ္ဌာန်းစာအုပ်ထဲမှာ ဆန်နဲ့အဝတ်အထည် ကုန်စည်(၂)မျိုး ထုတ်လုပ်နိုင်တဲ့ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးအကြောင်း ရှင်းပြထားပါတယ်။ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးပေါ်မှာ (က၊ခ၊ဃ၊င) ဆိုပြီး အမှတ်တွေရှိပါတယ်။ (က)အမှတ်က ဆန်တစ်မျိုးထဲကိုသာ ထုတ်လုပ်မယ်ဆိုတာကို ဖော်ပြပါတယ်။ ဆန်ကို တဖြည်းဖြည်းလျှော့ထုတ်ပြီး အဝတ်အထည်ကို တိုးထုတ်တဲ့အခြေအနေကို အမှတ် (ခ၊ဂ၊ဃ) တွေနဲ့ ဖော်ပြထားပါတယ်။ (င)အမှတ်ကတော့ အဝတ်အထည်တစ်မျိုးတည်း ထုတ်လုပ်တဲ့ အမှတ်ဖြစ်ပါတယ်။ ဒါကြောင့် ထုတ်လုပ် နိုင်မှုအခြေပြမျဉ်းကွေးဟာ ကုန်စည်တစ်မျိုးကို တိုးထုတ်ရင် နောက်တစ်မျိုးကို လျှော့ထုတ်ရတယ်ဆိုတဲ့ ဘောဂဗေဒဘာသာရပ်ရဲ့ သဘောတရားကို ဖော်ပြပါတယ်။ ကုန်စည်တစ်ခုကို တိုးထုတ်ဖို့ လျှော့လိုက်ရတဲ့ အခြားကုန်စည်တစ်ခုရဲ့ အရေအတွက်ပမာဏကို အခွင့်အလမ်းစရိတ်လို့ ခေါ်ပါတယ်။ ဆန်ကို လျှော့ထုတ်ပြီး အဝတ်အထည်ကို တိုးထုတ်လုပ်တဲ့ အခြေအနေမှာ အဝတ်အထည်ရဲ့ အခွင့်အလမ်းစရိတ်တွေကို တွက်ပြထားပါတယ်။

အပြန်အလှန်အားဖြင့် အဝတ်အထည် တစ်မျိုးတည်းထုတ်လုပ်တဲ့ (င) အမှတ် အခြေအနေကနေ အဝတ်အထည်ကို လျှော့ထုတ်ပြီး ဆန်ကို တိုးထုတ်လုပ်တဲ့ အခြေအနေကို အမှတ်(ဃ၊ဂ၊ခ) အမှတ်တွေနဲ့ လေ့လာနိုင်ပါတယ်။ ဒီလိုအခြေအနေမှာ ဆန်ရဲ့အခွင့်အလမ်း စရိတ်တွေကို တွက်ချက်နိုင်တယ် ဆိုတာကို သတိပေးပြောကြားလိုပါတယ်။ ကောက်ချက်ချတယ်၊ သုံးသပ်တယ် ဆိုတာက အခွင့်အလမ်းစရိတ်တွေ တက်လာသလား၊ ကျသွားသလားဆိုတာကို ဖော်ပြဖို့ ဖြစ်ပါတယ်။

အခန်း(၂) ဝယ်လိုအားနဲ့ ရောင်းလိုအား ဆန်းစစ်မှုအခန်းမှာတော့ တွက်ချက်ပြီး သုံးသပ်ဝေဖန်ဖြေဆိုရမယ့်မေးခွန်း အတော်များများ မေးနိုင်ပါတယ်။ ဥပမာ-ဝယ်လိုအားနဲ့ ရောင်းလိုအား ဇယားပေးထားပြီး ဝယ်လိုအား၊ ရောင်းလိုအား မျဉ်းကွေးရေးဆွဲခြင်း၊ အလျှော့အတင်းတွက်ခြင်း၊ အားမျှခြေဈေးနှုန်းနဲ့ အားမျှခြေအရေအတွက်ရှာခြင်းတို့ကို မေးနိုင်ပါတယ်။ အားမျှခြေမဖြစ်တဲ့ ဈေးကွက်တွင်း အခြေအနေတွေကိုလဲ ဖော်ပြခိုင်းနိုင်ပါတယ်။ ဖြစ်ရပ်အမျိုးမျိုးကို ဖော်ပြပြီး ဒီဖြစ်ရပ်တွေဟာ အားမျှခြေ အခြေအနေအပေါ် ဘယ်လိုအကျိုးသက်ရောက်တယ် ဆိုတာတွေကိုလဲ မေးနိုင်ပါတယ်။

ဒီလိုမေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမမူလအားမျှခြေ အခြေအနေကို ဖော်ပြရမှာ ဖြစ်ပါတယ်။ နောက်ပေးထားတဲ့ ဖြစ်ရပ်ဟာ ဝယ်လိုအားကို ပြောင်းစေသလား၊ ရောင်းလိုအားကို ပြောင်းစေသလားဆိုတာကို ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ မေးထားတဲ့ဖြစ်ရပ်ကြောင့် ဝယ်လိုအား၊ သို့မဟုတ် ရောင်းလိုအား၊ သို့မဟုတ် နှစ်မျိုးစလုံး ပြောင်းလဲသွားတယ်ဆိုရင် ပြောင်းလဲသွားတဲ့အတိုင်း မျဉ်းကွေးအသစ်တွေ ဆွဲပေးရပါမယ်။ မျဉ်းကွေးအသစ်တွေကြောင့် အားမျှခြေ အခြေအနေ ပြောင်းလဲသွားမှာဖြစ်ပါတယ်။ မူလ အားမျှခြေဈေးနှုန်းနဲ့ အားမျှခြေအရေအတွက်ကို အားမျှခြေအသစ်ရဲ့ဈေးနှုန်းနဲ့ အားမျှခြေ အရေအတွက်နဲ့ နှိုင်းယှဉ်ပြရမှာဖြစ်ပါတယ်။ ဈေးနှုန်း တက်သလား၊ ကျသလား၊ အရေအတွက်တိုးသလား၊ လျော့သလားဆိုတာတွေကို သုံးသပ်ရမှာ ဖြစ်ပါတယ်။

နောက်ထပ်မေးနိုင်တဲ့ မေးခွန်းပုံစံကတော့ ကုန်စည်နှစ်မျိုးရဲ့ ဈေးနှုန်းနဲ့အရေအတွက်ကို ပေးထားပြီး အဲဒီကုန်စည်နှစ်ခုအကြား ဝယ်လိုအား၏ အပြန်အလှန် အလျှော့အတင်းကို တွက်ပြခိုင်းခြင်း ဖြစ်ပါတယ်။ သုံးသပ်ချက်ကို ရလာတဲ့ အဖြေပေါ်ကြည့်ပြီး ကောက်ချက်ချရမှာ ဖြစ်ပါတယ်။ အပေါင်းလက္ခဏာနဲ့ အဖြေထွက်ရင် ပေးထားတဲ့ ကုန်စည်နှစ်မျိုးဟာ တွဲဖက်ကုန်စည် ဖြစ်ပါတယ်။ အနုတ်လက္ခဏာနဲ့ အဖြေထွက်ရင် အစားထိုးကုန်စည် ဖြစ်ပါတယ်။ အဖြေ သုညဆိုရင် ဒီကုန်စည်နှစ်မျိုးဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်မှုမရှိတဲ့ ကုန်စည်တွေဖြစ်ကြောင်း သုံးသပ်ချက်ကို ရေးပေးရပါမယ်။

နောက်တစ်မျိုးကတော့ ဝင်ငွေနဲ့ ဝယ်ယူမယ့်အရေအတွက်ကို ဖော်ပြထားပြီး ဝယ်လိုအား၏ ဝင်ငွေအလျှော့အတင်းကို မေးနိုင်ပါတယ်။ ဝင်ငွေအလျှော့အတင်းကိန်း အနုတ်လက္ခဏာဆောင်ရင်ဝင်ငွေနဲ့ဝယ်ယူမယ့် အရေအတွက် ပြောင်းပြန်ဆက်စပ်နေလို့ ဒီကုန်စည်ဟာ ကုန်ညံ့ဖြစ်ပါတယ်။ ဝင်ငွေအလျှော့အတင်းကိန်း အပေါင်းလက္ခဏာဆောင်ရင် ဝင်ငွေနဲ့ဝယ်ယူမယ့် အရေအတွက် တိုက်ရိုက်ဆက်စပ်နေလို့ ဒီကုန်စည်ဟာ သာမန်ကုန်စည် ဖြစ်တယ်ဆိုတာကို သုံးသပ်ချက်ပေးဖို့ လိုပါတယ်။ ကုန်စည်ဝယ်လိုအား၊ ရောင်းလိုအား အလျှော့အတင်းနဲ့ပတ်သက်ပြီးတော့ အလျှော့အတင်းကိန်း (၁)ထက်ကြီးရင် အလျှော့အတင်းများတယ်၊ အလျှော့အတင်းကိန်း (၁)ထက်နည်းရင် အလျှော့အတင်းနည်းတယ်ဆိုပြီး သုံးသပ်ပေးဖို့ လိုပါတယ်။

အခန်း(၃) တိုင်းပြည်ဝင်ငွေမှာ တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းတွေ ပေးထားပြီး GDP,GNPနဲ့ NNP တို့ကို တွက်ခိုင်းနိုင်ပါတယ်။ အခန်း(၄) ငွေကြေးနဲ့ ဘဏ်လုပ်ငန်းမှာလဲ နှစ်အလိုက် ဈေးဆနှုန်းကိန်းတွေပေးထားပြီး နှစ်တစ်နှစ်မှတစ်နှစ် ငွေကြေးတန်ဖိုး ဘယ်လိုပြောင်းသလဲဆိုတာကို တွက်ခိုင်းနိုင်ပါတယ်။ အခန်း(၅) ပြည်သူ့ဘဏ္ဍာရေးကတော့ အခွန်စည်းကြပ်မှုနှုန်းတွေကို တွက်ခိုင်းပြီး ဝေဖန်သုံးသပ်ခိုင်းနိုင်ပါတယ်။ နှုန်းတိုးခွန်၊ နှုန်းလျှော့ခွန်၊ အချိုးတူခွန် စသည်ဖြင့် သုံးသပ်ရမှာဖြစ်ပါတယ်။ အခန်း(၆) အပြည်ပြည်ဆိုင်ရာ စီးပွားရေးဆက်သွယ်မှုနဲ့ ပတ်သက်ပြီးတော့ ကုန်ဖလှယ်မှုအချိုးကို တွက်ချက် သုံးသပ်ခိုင်းနိုင်ပါတယ်။ သုံးသပ်ချက်အနေနဲ့ အခွင့်သာတဲ့ကုန်ဖလှယ်မှု အချိုးလား၊ အခွင့်မသာတဲ့ ကုန်ဖလှယ်မှုအချိုးလားဆိုတာကို သုံးသပ်ရမှာ ဖြစ်ပါတယ်။

ဘောဂဗေဒမေးခွန်းပုံစံနဲ့ အမှတ်ကောင်းရဖို့ ဘယ်လိုဖြေရမယ်ဆိုတာကို ရှင်းပြခဲ့ပြီးပါပြီ။ ကျောင်းသူကျောင်းသားတွေကို အထူးသိစေလိုတဲ့ အချက်ကတော့ ဘောဂဗေဒဘာသာရပ်မှာပါဝင်တဲ့ သဘောတရားတွေကို နားလည်သဘောပေါက်ထားရင် ဒီဘာသာရပ်ကို အခက်အခဲမရှိ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ဘောဂဗေဒဘာသာရပ်ရဲ့ သဘောတရားတွေကို သဘောပေါက်ဖို့အတွက် ပြဋ္ဌာန်းထားတဲ့ စာအုပ်ထဲက အခန်းအသီးသီးကို ကျေညက်နားလည် သဘောပေါက်အောင် လေ့လာထားဖို့လိုကြောင်း ပြောကြားရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

ဂုဏ်ပြုပွဲများဖြင့် ပွဲလယ်တင့်နေသည့် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် အသက်(၁၈)နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲတွင် အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

သတင်းဆောင်းပါး-မောင်မောင်ထွေး
ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ထိုင်းနိုင်ငံ ဖူးကတ်မြို့တွင် ကျင်းပခဲ့သော ဘင်းမ်စတက်နိုင်ငံများ၏ ပထမအကြိမ် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသော မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအား ဂုဏ်ပြုတည်ခင်းသော ညစာစားပွဲကို ဖေဖော်ဝါရီ ၂၁ရက် ညပိုင်းက ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ကျင်းပခဲ့သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲတွင် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင်-

"နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်ပန်းဆင် အနိုင်ရရှိမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာကို ပိုမိုမြင့်မားထည်ဝါ တင့်တယ်စေသည်ဆိုသည့် ခံယူချက်နှင့်အညီ မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်ဆိုသည့် မွန်မြတ်မြင့်မားသည့် အန္တိမရည်မှန်းချက်ထားရှိပြီး အမျိုးသားအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အားကစားဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များ စနစ်တကျ ချမှတ်ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် အမျိုးသား အားကစားမြှင့်တင်ရေး မူဝါဒများ၊ စနစ်တကျချမှတ်အားပေးဆောင်ရွက်မှုများအပြင် ပြန်လည်ပြီး သွေးသစ်လောင်း ဖွဲ့စည်းပေးခဲ့သည့် အားကစားအဖွဲ့ချုပ်များ၏ တက်ကြွသည့် လှုပ်ရှားဆောင်ရွက်မှုများ၊ တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ထက်သန်သည့် အားပေးထောက်ကူမှုများ၊ အားကစားသမား မောင်မယ်များ၏ မဆုတ်မနစ်သည့် ကြိုးပမ်းအားထုတ်မှုများနှင့် ပြည်သူများ၏ အားပေးချီးမြှောက်မှုများ ပေါင်းစည်းပြီး ယခုအချိန်အခါတွင် မြန်မာ့အားကစား အဆင့်အတန်းညှိုးမှိန်နေရာက ပြန်လည်ဦးမော့လာနေပြီဖြစ်သည်ကို ဂုဏ်ယူဖွယ် တွေ့မြင်နေရပြီ ဖြစ်ကြောင်း။

ယခုဆိုလျှင် အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းနှင့် အသက်(၁၈)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင် ဘောလုံး အသင်းများသည် ပထမဆုံးအကြိမ် ကျင်းပခဲ့သည့် အာဆီယံ လူငယ်ဘော လုံးပြိုင်ပွဲများနှင့် ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲ သုံးမျိုးတွင် ပထမဆုများကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးရရှိခြင်းသည် မျိုးဆက်သစ်လူငယ် ဘောလုံးအားကစားသမားများအတွက် ထူးခြားသည့် အောင်မြင်မှုဟု ဆိုရမည်ဖြစ်ကြောင်း"

စသည်ဖြင့် ပြောကြားခဲ့ပေသည်။

မှန်ပါသည်၊ အမှန်စင်စစ် အသက်(၁၇)နှစ်အောက်နှင့် အသက်(၁၈)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင် အသင်းများအနေဖြင့် ပြိုင်ပွဲကြီးသုံးရပ်တွင် အောင်ပန်းများဆင်နိုင်၍ ဂုဏ်ပြုပွဲများကို ဆက်တိုက်နီးပါးကျင်းပနိုင်ခဲ့သော အခါ ဂုဏ်ပြုမှုတွေ များနေသယောင်၊ ဆက်နေသယောင် ထင်ရသော်လည်း ယခုကဲ့သို့သော ဂုဏ်ပြုပွဲများကို မကျင်းပနိုင်ခဲ့သည်မှာ ကြာခဲ့ချေပြီ။ သို့မို့ကြောင့် မြန်မာတစ်မျိုးသားလုံးက အာသာဆန္ဒပြင်းပြစွာ မျှော်လင့်ချက်ကြီးမားစွာဖြင့် အားပေးစောင့်မျှော်လျက် ရှိနေခဲ့ကြသည်။

မှတ်မှတ်ရရ ၁၉၉၃ခုနှစ်(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲတွင် မြန်မာလက်ရွေးစင် ဘောလုံးအသင်း ငွေတံဆိပ်ရရှိခဲ့စဉ်က တစ်ကြိမ် ကျင်းပခဲ့ဖူးသည်။ မြန်မာဘောလုံးအသင်း ဗိုလ်လုပွဲနှင့် နှစ်ပေါင်း ၂၀ ကြာဝေးကွာနေခဲ့ရာမှ ဗိုလ်လုပွဲသို့တစ်ကျော့ ပြန်ရောက်ခဲ့၍ဖြစ်ပေသည်။

ထိုစဉ်က မြန်မာဘောလုံးအသင်း အိမ်အပြန်ခရီးမှာလည်း စည်စည်ကားကား ရှိလှသည်။ အမိုးဖွင့် မာဇဒါဂျစ်ပေါ်တွင် ဘောလုံးသမားများကို

ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲပြီး နိုင်ငံ့ဂုဏ် ဆောင် အောင်နိုင်ခဲ့ကြသည့် မြန်မာလူငယ် ဘောလုံးအသင်းအားဂုဏ်ပြုပွဲအခမ်းအနားတွင် အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်အား အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းသို့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးက ဂုဏ်ပြုချီးမြှင့်ငွေ ဘတ် ၁၀၀၀၀ ကို နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမရက ပေးအပ်စဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

တင်ဆောင်ခဲ့ပြီး ဂုဏ်ပြုခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက် ခန်းမတွင် ဂုဏ်ပြုပွဲအခမ်းအနားကို ကျင်းပပေးခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌမှာ တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ကွယ်လွန်ရှာခဲ့သူ ဗိုလ်မှူးချုပ်လွန်းမောင် ဖြစ်ပေသည်။

၁၉၉၃ခုနှစ် နောက်ပိုင်းတွင်မူ မြန်မာဘောလုံးအသင်းများလည်း အောင်မြင်မှု မရခဲ့ကြတော့။ ရံဖန်ရံခါ အကြိုဗိုလ်လုပွဲ အဆင့်အထိ တက်ရောက်နိုင်ခဲ့သော်လည်း နောက်ပိုင်းကာလတွင်မူ အုပ်စုအဆင့်က ထွက်ခဲ့ရသည်က များခဲ့ပေသည်။

ယခုသည်ဘက်ကာလနောက်ပိုင်းတွင်မူ ၂၀၀၁ခုနှစ် (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်း တတိယကြေးတံဆိပ်ရရှိလာခဲ့သည်။ ပထမအကြိမ် အသက်(၂၀)အောက်အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်အသင်း ငွေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။ အာရှလူငယ်ဘောလုံးပြိုင်ပွဲကိုပါ တစ်ပါတည်း ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

အသက် (၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်အသင်းမှာမူ ပထမအကြိမ် အသက်(၁၇)နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကြီး ဆွတ်ခူးနိုင်ခဲ့ရုံမက မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ၂၀၀၂ခုနှစ် မတ်လ ၁၃ရက်မှ ၁၇ရက်အထိ ကျင်းပခဲ့သော အာရှလူငယ် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များကိုပါ အောင်မြင်ဖြတ်ကျော်နိုင်ခဲ့ပေသည်။

ဆက်လက်၍ ၂၀၀၃ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ပထမအကြိမ် အသက်(၁၈)နှစ်အောက် အာဆီယံလူငယ် ဘောလုံးပြိုင်ပွဲတွင် အသက် (၁၈)နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းက ထိုက်ထိုက်တန်တန်ဗိုလ်စွဲခဲ့ပြီး တစ်ဖန်ယခု ၂၀၀၄ခုနှစ် နှစ်ဆန်းတွင် ထိုင်းနိုင်ငံ ဖူးကတ်မြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ် ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံအသင်းဟူသည် ကွင်းမရွေးကြောင်း ပြသသည့်နှယ် အနိုင်ရဗိုလ်စွဲခဲ့ပြန်ပါသည်။

ထို့အတွက်ကြောင့် ဂုဏ်ပြုပွဲများ ဆက်လာခဲ့ရာ မြန်မာတစ်မျိုးသားလုံးအနေဖြင့် ဝမ်းမြောက်ကြည်နူးခဲ့ကြရပေသည်။

အဆိုပါ ဂုဏ်ပြုပွဲများတွင် နိုင်ငံတော်အပိုင်းကသာမက တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များအပိုင်းကပါ နိုင်ငံ့ဂုဏ်ဆောင် မြန်မာလူငယ်ဘောလုံးအားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများကိုပါ ဂုဏ်ပြုချီးမြှင့်ငွေများ ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့ကြပေသည်။

ယခုဆိုလျှင် မြန်မာ့အားကစားသည် အရှေ့တောင်အာရှပြိုင်ပွဲများတွင် ပြန်လည်အောင်ပန်းဆင်လာနေပြီဖြစ်သည့်အပြင် အချို့သော အားကစားနည်းများတွင် အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်သို့တိုင် ထိုးဖောက်ဝင်ရောက် အောင်မြင်ဖြစ်ထွန်းစပြုနေပြီ ဖြစ်ကြောင်း။

သို့သော်လည်း အမျိုးသားအားကစားနည်းဟုဆိုရမည့် ဘောလုံးအားကစားသည် ထိုက်သင့်သည့် အောင်နိုင်မှုများနှင့် ဝေးနေခဲ့သည်မှာ အတော်ကြာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ချိန်သောအခါက မြန်မာ့ဘောလုံးအားကစား၏ အရှေ့တောင်အာရှမှသည် အာရှအဆင့်တိုင် ထွန်းပေါက်အောင်မြင်ခဲ့သည့် အောင်နိုင်မှုဆုလဒ်များ ပြန်လည်ရရှိရေး အတွက် တစ်မျိုးသားလုံးက အာသာဆန္ဒပြင်းပြစွာ၊ မျှော်လင့်ချက်ကြီးမားစွာနှင့် အားပေးစောင့်မျှော်လျက်ရှိနေခဲ့ကြရကြောင်း။

ယခုကဲ့သို့ တစ်မျိုးသားလုံး၏ အားပေးချီးမြှောက်မှုကြောင့် မြန်မာ့ဘောလုံး အားကစားသည် အောင်နိုင်မှုအဆင့်များ ရံဖန်ရံခါရရှိလာခဲ့သော်ငြားလည်း တစ်မျိုးသားလုံး၏ အားပေးချီးမြှောက်မှု၊ မျှော်လင့်တောင့်တမှုများနှင့်နှိုင်းစာလျှင် ထိုက်တန်သည့် အောင်နိုင်မှုများရရှိရန် လိုအပ်နေသေးသည်ကိုတွေ့ရကြောင်း၊ ယင်းကဲ့သို့ အခြေအနေမျိုးတွင် တစ်မျိုးသားလုံးက အားမလျှော့ဘဲ ပိုမိုထက်သန်သည့် အားပေးမြှောက်မြှောက်မှုများနှင့် ချီးမြှောက်ဆောင်ရွက်လာခဲ့သည့်အတွက် ယခုဆိုလျှင် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်ဘောလုံးသမားများ ပြန်လည်ပေါ်ထွန်းလာခဲ့ပြီး မြန်မာလူငယ်ဘောလုံးအသင်းများ အောင်နိုင်မှုများ စတင်ဆွတ်ခူးလာနိုင်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက အောင်ပွဲရနိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဂုဏ်ပြုချီးမြှောက်မှုများက မည်သည့်ခေတ်ကာလနှင့်မျှ တုနှိုင်း၍ယှဉ်သာမည် မဟုတ်ပေ။

မျက်မှောက်ခေတ် မြန်မာဘောလုံးအားကစား၏ အောင်မြင်မှုမှာ ရွှေခေတ်ကာလကို မယှဉ်သာနိုင်သေးသော်လည်း အထိုက်အလျောက် အောင်မြင်မှုရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဂုဏ်ပြုချီးမြှောက်မှုမှာမူ အတိတ်ရွှေခေတ်ကာလကပင် မကြုံဖူးသည့် ဂုဏ်ပြုချီးမြှောက်မှုများပင် ဖြစ်ပေသည်။

"ကျွန်တော်တို့ခေတ်က ဘာမှ ရရှာကြတာမဟုတ်ပါဘူး။ နိုင်ငံတကာပြိုင်ပွဲတွေမှာ ဗိုလ်စွဲရင် ဓာတ်ဘူးတို့၊ တိုင်ကပ်နာရီတို့၊ ရေဒီယိုတို့လောက်ပဲ ကျေနပ်ခဲ့ကြရတာပါ။ ဒါပေမယ့် အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓာတ်ကတော့ ဘယ်သူနဲ့မှ မတူဘူး။ ထိုင်းတို့ စင်ကာပူတို့ဆို ကျွန်တော်တို့နဲ့တွေ့ရင် ဂိုးသွင်းခွင့် အခွင့်အရေးရဖို့လောက်ပဲ မနည်းကြိုးစားနေရတဲ့ အခြေအနေပါ။ အဓိကကတော့ စိတ်ဓာတ်ပေါ့ဗျာ"

အထက်ပါစကားရပ်များက ရွှေခေတ်ကာလက ဘောလုံးသမားကြီးတစ်ဦးနှင့် စကားဝိုင်းဖွဲ့မိစဉ်က ကြားသိခဲ့ရသည်။ သူတို့ခေတ်၊ သူတို့ကာလက ဂုဏ်ပြုချီးမြှောက်မှုအခြေအနေများပင် ဖြစ်ပေသည်။

သို့မို့ကြောင့် မျက်မှောက်ခေတ် နိုင်ငံ့ဂုဏ်ဆောင်မြန်မာဘောလုံး အားကစားသမားများသည် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဂုဏ်ပြုအမှာစကားပါ-

"ပြည်သူများ၏ တစ်ခဲနက်အားပေးမှု၊ ပြည်သူများ၏ချစ်ခင်မှု၊ ပြည်သူများ၏ အားထားမျှော်လင့် မှုများတိုးပွားသည်ထက် တိုးပွားလာစေရအောင် ယှဉ်ပြိုင်သည့် နိုင်ငံတကာပြိုင်ပွဲ တိုင်းမှာအောင်နိုင်ခြင်းဆိုသည့် ကျေးဇူးတုံ့ပြန်မှုများဖြင့် ပြည်သူအများ၏ ကျေးဇူးကို တုံ့ပြန်ပေးဆပ်နိုင်ရန် ဆက်လက်ကြိုးစားသွားကြပါလို့ တစ်ဆက်တည်း မှာကြားလိုကြောင်း"

ဟူသည့် ဂုဏ်ပြုအမှာစကားအတိုင်း ဆက်လက်၍ မမိုတ်မသုန်၊ ကျားကုတ်ကျားခဲ ကြိုးစားကြရမည်ဖြစ်ပေသည်။ လာမည့် နိုင်ငံတကာ ပြိုင်ပွဲများတွင်လည်း မြန်မာဘောလုံးအသင်းများ အောင်ပန်းဆွတ်ခူးနိုင်ခဲ့ပြီး ယခုကဲ့သို့ ဂုဏ်ပြုပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်စေကြောင်း ဆုမွန်ကောင်းတောင်း၍ ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဖေဖော်ဝါရီ ၁၅ရက်က အမက(၂၁) ဒဂုံမြို့သစ်မြောက်ပိုင်း ၂၀၀၂-၂၀၀၃ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တတိယတန်း လေးနှစ်ဆက်တိုက် ပထမဆုရရှိသူ မထက်ထက်တိုးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းမြက ဆုချီးမြှင့်စဉ်။ (က-ပ)

ဦးစိုင်းငြိမ်းအေး(A.G.M မြဝတီဘဏ်)အတွက်

မွေးနေ့မင်္ဂလာဆုတောင်း

၂၄-၂-၂၀၀၄ ရက်မှာ ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင် ခိုင်နှင့် မီးငယ်လေးတို့နဲ့အတူ စိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့် သာယာချမ်းမြေ့ပျော်ရွှင်စရာကောင်းသော ဘဝခရီးကို အောင်မြင်မှုများစွာ ပိုင်ဆိုင်လျက် အခက်အခဲမရှိ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဇနီး-ခိုင်(ဝင်းစန္ဒာဝင်း)
ချစ်မီးငယ်လေး-ခင်မြန်မာငြိမ်းအေး
(Key Key)

ရောင်းရန်ကြော်ငြာစာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
မန္တလေးခရိုင် တရားရုံးတော်၌
၂၀၀၁ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၃၈

၁။ ဒေါ်ခင်အေး	၂။ ကိုဝင်းနိုင်	နှင့် ၁။ ဦးလှမြင့်
၃။ မသန်းသန်းအေး	၄။ မခင်သန်းလွင်	၂။ ဦးမြင့်လွင်
၅။ ကိုစိုးနိုင်	၆။ ကိုထွန်းနိုင်	၃။ ဒေါ်လှလှထွေး
၇။ ဦးညွန့်မောင်	၈။ ဒေါ်ခင်မြင့်	
၉။ဒေါ်သန်းတင်		

ဒီကရီရရှိသူ **တရားရှုံး**

မန္တလေးခရိုင် တရားရုံး တရားမကြီးမှုအမှတ် ၈၈/၉၈၏ဒီကရီကို အတည်ပြု ဆောင်ရွက်နိုင်ရန်အတွက် အောက်တွင်ဖော်ပြသော ပစ္စည်းများကို ၂၀၀၄ ခုနှစ်၊ မတ်လ ၃ရက်နေ့ နံနက် ၁၀နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရသိရှိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်တည်း ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိမည်။
၆။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၇။ လေလံဆွဲဝယ်ရရှိသူသည် ၂၅ ရာခိုင်နှုန်းကို နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့တွင် တရားရုံးသို့ အပြေအကြေ ပေးသွင်းရမည်။
၈။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်ငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။
၉။ လေလံဆွဲဝယ်ရရှိသူအား ရုံးမှလေလံတင်ရောင်းချသည့်ပစ္စည်းကို လက်ရောက် ပေးအပ်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

(က) မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံအရှေ့ရပ်၊ အကွက်အမှတ် ၆၀၅၊ ဦးပိုင်အမှတ် (၂၆)မြေကွက် (မြေပေါ်ရှိအဆောက်အအုံမပါ) (လေလံတင်ရောင်းချမည့် မြေနှင့် အဆောက်အအုံပေါ်တွင် တရားရှုံးများ ကိုယ်တိုင် လက်ရှိနေထိုင်ပါသည်။) လေလံတင်ရောင်းချမည့် မြေကွက်အတွက် ရောင်းချမည့် ကြမ်းခင်းဈေးမှာ ကျပ်၁၂၀၀၀၀၀၀(ကျပ်သိန်း တစ်ထောင့်နှစ်ရာ တိတိ) ဖြစ်ပါသည်။
(ခ) မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဟေမာဇလ ရပ်ကွက်အမှတ် (၆၀၉)ဦးပိုင် အမှတ် (၈၄)မြေကွက်။ လေလံတင်ရောင်းချမည့် မြေကွက်အတွက် ရောင်းချမည့် ကြမ်းခင်းဈေးမှာ ကျပ် ၁၅၀၀၀၀၀၀ (ကျပ်သိန်း တစ်ရာငါးဆယ်တိတိ) ဖြစ်ပါသည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာထုတ်ပေးလိုက်သည်။

ဦးဝင်းဖေ
ဒုတိယခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး။

မဟာဂန္ဓာဝါစကပဏ္ဍိတပူဇော်ပွဲ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၈)ရပ်ကွက် မင်္ဂလာအေးကျောင်းတိုက်၏ ပဓာန နာယက ဆရာတော် မဟာဂန္ဓာဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သုမင်္ဂလအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ၂၀၀၄ ခုနှစ် မတ်လ ၁၄ ရက် နံနက် ၈ နာရီတွင် မင်္ဂလာအေး ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါ၍ တပည့်ဒါယကာ ဒါယိကာမများ လာရောက် ကြည်ညိုနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

ဖခင်အမည်မှန်

အထက(၃)ဒဂုံမြို့သစ်(မြောက်ပိုင်း) န၀မတန်း(E)မှ မနှင်းဝေလှိုင်၏ ဖခင် အမည်မှန်မှာ ဦးသာအေး WDN-၁၃၃၆၀၅ ဖြစ်ပါကြောင်း။

ဦးသာအေး။

ကန့်ကွက်နိုင်ပါသည်

ဆိုင်ကယ်အမှတ် ယ/၇၅၅၂၆ လက်ဝယ်ရှိသူကယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း ကညန၊ရွှေတန်းရုံး(တာချီလိတ်)သို့ လာရောက်ကန့်ကွက်ပါရန်။

ကညန၊ရွှေတန်းရုံး(တာချီလိတ်)



အမည်ပြောင်း

အထက(၁)မြိတ် စတုတ္ထတန်းမှ မဆောင်းလဲ့နဒီအား မဇူးသဥ္ဇာ ဟုလည်းကောင်း၊ ဆဋ္ဌမတန်းမှ မောင်ဖွဲ့ဝင့်နိုင်အား မောင်နိုင်မျိုးခန့် ဟုလည်းကောင်း ခေါ်ပါရန်။



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၄၈၃၁ လက်ဝယ်ရှိသူက(ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း**

ခရုသင်းခြောက်မျိုးအထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရုသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များ သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ဆင်တုံးမနွယ် သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါတို့ကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်။

နေရောင်လင်းဆေးတိုက် အမှတ် ၃၇၊ ၂ ဇင်ယော်လမ်း၊ ၁၄/၂ရပ်ကွက်၊ မြင်သာအိမ်ရာ (၂)၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော်မောင်ထွန်းထွန်းအောင် ၁၂/ဥကတ(နိုင်)၀၁၇၉၀၃ နှင့် ကျွန်မ မလှလှနွယ် ၁၂/ဥကတ(နိုင်)၁၀၆၆၀၁ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၈-၁၁-၂၀၀၃ ရက်တွင် တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါကြောင်း။

(နောက်နောင် ကျွန်တော်၏ကိုယ်ရေးကိုယ်တာကိစ္စကို နှောင့်ယှက်လာပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း)

မောင်ထွန်းထွန်းအောင်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂

၁။ ဦးချစ်မောင်(ခ)စာလေအမ်ဂျီဝါး(အုပ်ချုပ်မှုဂေါပက)
အမှတ် (၁၃၇)၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၂။ ဦးခင်မောင် (ခ) ယာကွတ်အမ်ဂျီဝါး (ဂေါပကအဖွဲ့ဝင်)
အမှတ် (၉၅)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၃။ ဦးတင်မြင့် (ခ) ဟူစိန်အိစွတ်ဂျီဝါး (ဂေါပကအဖွဲ့ဝင်) အမှတ် (၂၆/A)၊
သိမ်ဖြူဈေးဖြတ်လမ်း၊ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

တရားလိုများ

နှင့်

ဦးထွန်းအေး (ခ) အလီခန်း
အမှတ် (၁၂)၊ ရန်ကြီးအောင်လမ်း၊
၃/မာန်ပြေရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

တရားပြိုင်

ဦးထွန်းအေး (ခ) အလီခန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးချစ်မောင် (ခ)စာလေအမ်ဂျီဝါးပါ-၃က တရားလိုများသည်သာလျှင် အီဘရာဟင်ဂျီဝါးမက်ဒါမိသားစု ပုဂ္ဂလိက ဝကပ်(ဖ်) အုပ်ချုပ်သူ ဂေါပကမွတ်တာဝါလီ ထရပ်စ်တီလူကြီးများ ဖြစ်ကြောင်းနှင့် ဝကပ်(ဖ်)ပိုင်ပစ္စည်းများကို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေ နှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် မတ်လ ၄ ရက် (၁၃၆၅ ခု တပေါင်းလဆန်း ၁၄ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်လာရောက်ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းဝင်းမော်
ဒုတိယခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး



ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

ဒါရိုက်တာ အေဝမ်းဦးလှမျိုး

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(ဒုတိယဥက္ကဋ္ဌ)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၁၊ အေဝမ်းခြံ၊ မဟာမြိုင်လမ်း၊ စမ်းချောင်းနေ (အေဝမ်း ဦးတင်နွယ်-ဒေါ်မိမိကြီး)တို့၏ သားထွေး၊ ဒေါ်နိုလင်း၏ခင်ပွန်း၊ (အေဝမ်းဦးညီပု)၊ (ဒေါ်ခင်ခင်)၊ (ဦးမောင်မောင်စိုး)၊ (ဒေါ်ခင်ညွန့်)၊ (အေဝမ်း ဦးတင်မောင်)၊ (ဒေါ်ခင်ရီ)၊ (ဒေါ်ခင်ထွေး)တို့၏တူ၊ (အေဝမ်းဦးလှဘူး)-ဒေါ်ခင်လှဲ၊ (ဦးသက်-ဒေါ်သန်းနွယ်)၊ ဦးမြင့်စိုး(မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ အငြိမ်းစား ညွှန်ကြားရေးမှူး)-ဒေါ်လှလှမြ၊ (ဦးလှမောင်)-ဒေါ်သော်င်းရီ၊ (ဦးဝေဇင်)-ဒေါ်တီတီအောင်၊ (ဦးစံတင့်)(အငြိမ်းစား၊သမဝါယမ ဒုတိယဝန်ကြီး)-ဒေါ်နုနုနွယ်၊ ဦးခင်မောင်မြင့်(ထွေအုပ် အကြံပေးအရာရှိ)-ဒေါ်စန်းစန်းနွယ်၊ ဒုတိယဗိုလ်မှူးကြီးသီဟန်(ငြိမ်း)-ဒေါ်စိုးစိုးနွယ်၊(ဦးအေးချို)တို့၏မောင်သည် ၂၄-၂-၂၀၀၄ရက် ညနေ ၆ နာရီတွင် အသည်းရောဂါအထူးကုဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

ဒါရိုက်တာ အေဝမ်းဦးလှမျိုး

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(ဒုတိယဥက္ကဋ္ဌ)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၁၊ အေဝမ်းခြံ၊ မဟာမြိုင်လမ်း၊ စမ်းချောင်းနေ (အေဝမ်း ဦးတင်နွယ်-ဒေါ်မိမိကြီး)တို့၏သားထွေး၊ ဒေါ်နိုလင်း၏ခင်ပွန်း၊ (ဒေါက်တာဦးဇော်ဝင်း)-ဒေါ်လှလှမြင့် (စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၊ ဒါရိုက်တာ ဦးခင်စောမျိုး-မစန္ဒာတို့၏ဖခင်၊ မောင်အေးထွဋ်ဝင်း [Second Year B.Sc Eng (Electronics and Computing), Second Year Law]၊ မခိုင်မွန်စောမျိုး (IX-B) အထက(၂)၊ စမ်းချောင်း၊ မခိုင်ဇင်စောမျိုး(IV-A) အထက(၂)၊ စမ်းချောင်းတို့၏ဘိုးဘိုးကြီးသည် ၂၄-၂-၂၀၀၄ရက် ညနေ ၆ နာရီတွင် အသည်းရောဂါအထူးကုဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဒေါ်မြကြည် (ရွှေဘိုမင်းသမီးသနပ်ခါး)

အသက်(၆၈)နှစ်

၁၈-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဒေါ်မြကြည် (ရွှေဘိုမင်းသမီးသနပ်ခါး) မကွယ်လွန်မီက စေတနာထား ပြုစုစောင့်ရှောက်ပေးခဲ့သော အာရှတော်ဝင် နှလုံးအထူးကုဆေးခန်းမှတာဝန်ရှိဆရာဝန်၊ ဆရာမများ၊ ၂၀-၂-၂၀၀၄ရက် ဈာပနအခမ်းအနားတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်လာရောက်အားပေး နှစ်သိမ့်ခဲ့သော သမဝါယမဝန်ကြီးနှင့်ဇနီး၊ သာသနာရေးဝန်ကြီး၊ မြန်မာ့သစ်လုပ်ငန်းမှ မိတ်ဆွေများ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ မိတ်ဆွေများ၊ ကုမ္ပဏီများ၊ ရွှေဘိုမင်းသမီးကုမ္ပဏီလီမိတက်နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော မိတ်ဆွေသင်္ဂဟများ၊ အနယ်နယ်အရပ်ရပ်ရှိ မာလာမြိုင်အင်တာပရိုက်(စ်)လီမိတက်နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးသုံးပစ္စည်းဆိုင်များမှ မိတ်ဆွေသင်္ဂဟများ၊ ၇၄ စိန်ဂျွန်း(အထက-၁၊ လမ်းမတော်) ကျောင်းသားဟောင်းများ၊ ရုပ်ဝေးရုပ်နီးမှ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ သတင်းစာမှ သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ဝမ်းနည်းကြောင်းပြောကြားသူများနှင့် နှစ်သိမ့်အားပေးကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများ၊ ဈာပနကိစ္စနှင့် ရက်လည်ဆွမ်းကျွေးကိစ္စများတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် အစစအရာရာ ကူညီလုပ်ဆောင်အားပေးကြသူများအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့်

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉(က)၊ နှင်းပန်းလမ်း၊ အမှတ်(၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ(ဦးဒလစီ-ဒေါ်အေးစိန်)တို့၏ သမီး၊ ဦးကျော်စိန်-(ဒေါ်ရင်ညွန့်)တို့၏ သမီးချွေးမ၊ ဦးစိုးဝင်း၏ဇနီး၊ မောင်မျိုးဇော်(B.A, O.S Final Year, B.Sc, Engg 3rd Year E.C)၏ မိခင်၊ ဦးစံအေး၏ညီမ၊ ဒေါ်လှလှ၊ ဦးအုံးဖေ၊ ဦးစိန်လွင်၊ ဦးမောင်မြင့်၊ ဦးဝင်းဇော်တို့၏အစ်မသည် ၂၄-၂-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ပြုံးကြည်

(အင်းစိန်၊ပျော်ဘွယ်)

အသက်(၄၉)နှစ်

ပျော်ဘွယ်မြို့၊ မြင်းဘက်တောင်ပိုင်းရပ်နေ (ဦးသန့်-ဒေါ်သန်းရင်)တို့၏ သမီး၊ မိတ္ထီလာမြို့၊ ပေါက်ချောင်းကွက်သစ်ရပ်၊ ၂ လမ်းနေ ဦးထွန်းညွန့် (ကျောင်းဆရာ၊ငြိမ်း) - (ဒေါ်မြကျင်) တို့၏သမီးချွေးမ၊ ဒေါ်သိန်းတင်၏တူမ၊ ဦးလှမြင့်-ဒေါ်တင်လှတို့၏အစ်မ၊ဦးမြင့်သိန်း(ခရိုင်မန်နေဂျာ၊မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း၊ မင်းဘူးခရိုင်)၏ဇနီး၊ မခင်ချောစုဝေ(မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း)၊ မောင်ဝေဖြိုးဟန်၊ မောင်ချစ်မိုးဝေ (အထက-၂၊မရမ်းကုန်း)၊ မောင်ဝေလင်းမြင့်(အထက-၂၊ မရမ်းကုန်း)တို့၏မိခင်သည် ၂၃-၂-၂၀၀၄ရက် နံနက် ၇နာရီတွင် အိမ်အမှတ် ၄၊ အခန်း ၁၊ စိုက်ပျိုးရေးဝင်း၊ ကြို့ကုန်း၊ အင်းစိန်နေအိမ်တွင် ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၀၄ရက် ညနေ ၃း၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးစန်းလွင်(ခ)ဦးနီတွတ်

အကောက်ခွန်(ငြိမ်း)

အသက်(၆၃)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၃၈ (ခြောက်လွှာ)နေ ဒေါ်ဝါဝါလွင်၏ခင်ပွန်း၊ [သီရိပျံချီ ဦးညီညီ၊ သမဝါယမမင်းကြီး၊ကုလသမဂ္ဂအကြံပေးအရာရှိ(ငြိမ်း) - ဒေါ်ကျော့တင်]တို့၏ သား၊ (ဦးထွန်းစိန်-ဒေါ်ခင်ဝင်း)တို့၏ သားသမက်၊ ဦးအောင်ဆန်း-ဒေါ်ခင်စန်းမြင့်တို့၏ညီ၊ ဒေါ်ညွန့်ညွန့်မျိုး၊ ဦးရှိန်လွင်၊ ဒေါ်ခင်ဖြူဖြူ၊ (ဦးသန်းလွင်)-ဒေါ်တင့်ပြုံး၊ ဦးညွန့်လွင်-ဒေါ်ငွေငွေရီတို့၏အစ်ကို၊ ဦးညီညီဝင်း၊ ဦးဝင်းလွင်ဦး(Sunrise Co., Ltd.)၊ ဒေါ်ဆွေဆွေတင်တို့၏ဖခင်၊ ရဲရင့်နိုင်၊ မင်းသန့်နိုင်တို့၏အဘိုးသည် ၂၄-၂-၂၀၀၄ရက်(အင်္ဂါနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုစိုးမင်း

B.Sc (Math)

အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် ၇၂ (မြေညီထပ်)နေ ဦးသောင်း-ဒေါ်သောင်းရင်တို့၏သား၊ ဒေါ်မာမာသောင်း(လ/ထ ကထိက၊သချာဌာန၊ရန်ကုန်တက္ကသိုလ်)၊ ဒေါ်သောင်းသောင်းနု(ကျောင်းအုပ်ကြီး၊ ကွန်ပျူတာကောလိပ်၊ ပင်လုံ)၊ ဒေါ်တင်တင်ရီ (စံရှားပွဲရုံ၊ ဘုရင့်နောင်)တို့၏ မောင်၊ မမိမိသောင်း၏အစ်ကိုသည် ၂၄-၂-၂၀၀၄ရက် (အင်္ဂါနေ့) နံနက်တွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသာလှိုင်

(ရွာမွန်ရွာ၊ နတ်မောက်မြို့)

အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတော၊ ပေတရာပိုင်း၊ အမှတ် ၄ နေ ဦးမြဒင်-ဒေါ်လှိုတို့၏သား၊ ဒေါ်လေးမူ၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်-ဒေါ်ခင်မြင့်ဝေ၊ ရဲတပ်ကြပ်မြင့်သိန်း-ဒေါ်အေးအေးကြွယ်၊ (ဦးမြင့်ရွှေ)-ဒေါ်အေးအေးသန်း၊ ဦးမြင့်နိုင်-ဒေါ်လုံး၊ ဦးငွေမြင့်(ကညနရုံးချုပ်)-ဒေါ်ခင်ငွေလွင်တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၄-၂-၂၀၀၄ ရက် မွန်းလွဲ ၁း၃၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ဆပ်သွားတောသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ပါမောက္ခ Dr. အောင်သူ(ခ) Michael လှအေး

ပါမောက္ခ၊ ဌာနမှူး (အငြိမ်းစား)

ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(မန္တလေး)

အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ [ဝဏ္ဏကျော်ထင် ဦးB လိုင်နန်-ဒေါ်အေးကြည်(ခ)Ivy] တို့၏တစ်ဦးတည်းသား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာ ၁ လမ်း၊ အမှတ် ၅၄ နေ ဒေါက်တာ Renee မြင့်မြင့်ခင်၏ခင်ပွန်း၊ ကိုကျော်ဝင်း(ခ)Marshall-မမင်းမင်းသူ၊ ကိုထွန်းထွန်းလှိုင်-ဒေါက်တာဇင်ဇင်သူ(သုတေသနအရာရှိ၊ ဆေးသုတေသန၊ အောက်မြန်မာပြည်)၊ မောင်မြတ်အောင်သူ (IT Dept, Traders Hotel)၊ မောင်ထွန်းအောင်သူတို့၏ဖခင်၊ မောင်ရှင်းသန့်ထွန်းအောင်၊ မောင်ကျော်သူတို့၏အဘိုးသည် ၂၃-၂-၂၀၀၄ရက် ည ၉း၁၅နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၅-၂-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးသာဇံလှ

(ဒုတိယညွှန်ကြားရေးမှူး)၊(စိုက်ပျိုးရေးနှင့်စီမံကိန်းဦးစီးဌာန)

(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)

အသက်(၅၄)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ E.MPA(2nd Bach)° ပထမနှစ်သင်တန်းသား ဦးသာဇံလှသည် ၂၄-၂-၂၀၀၄ရက်(အင်္ဂါနေ့)တွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်၊သင်တန်းမှူး၊ဆရာ၊ဆရာမများနှင့် သင်တန်းသား၊သင်တန်းသူများ။

ဗိုလ်ကြီးစိန်ကြီး (ငြိမ်း)

အသက်(၇၅)နှစ်

မအူပင်မြို့နယ်၊ကွဲတုံးရွာနေ(ဦးခဲရာ-ဒေါ်အုန်းစိန်)တို့၏သား၊ (ဦးစစ်မြ)-ဒေါ်စိန်စိန်၊ (ဦးမောင်မောင်-ဒေါ်ဝင်းစိန်)၊ ဦးမြင့်သိန်း(လဝက)-ဒေါ်တင်တင်လှတို့၏ညီ/မောင်၊ ဦးမောင်မောင်စိန်-(ဒေါ်စန်း)၊ ဦးဝင်းကြည်-(ဒေါ်လှလေး)တို့၏အစ်ကို၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အမှတ် ၄၂၊အောင်ဇေယျ ၃ လမ်းနေ ဒေါ်မြသီ၏ခင်ပွန်း၊ကိုတိုင်းဇော်၊ကိုလှမျိုးကြိုင်-မမွှေးမွှေးစန်း၊ ကိုအောင်အောင်ကျော်တို့၏ဖခင်၊ ကိုနေလင်းသိန်း(လဝက)၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၄-၂-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ဝ၃း၀၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း၊ ရေကန်၊ဇရပ်ဒါယိကာမကြီး

ဒေါ်တင်ဦး (မိုးကုတ်ယောဂီ)

(ဟသ်ာတ)

အသက်(၇၇)နှစ်

ဟသ်ာတမြို့နေ (ဦးဘချိန်-ဒေါ်ဆုံ) တို့၏သမီး၊ ရန်ကုန်မြို့၊ ဈေးကြီးလမ်း၊ အမှတ် ၁၆ နေ ဦးချစ် (မင်္ဂလာသစ်ခွဲစက်နှင့် သစ်ရောင်းဝယ်ရေး)၏ ဇနီး၊ ဦးညွန့်တင်-ဒေါ်ခင်မာလွင်(နေလ လျှာထိုးဆိုင်)၊ ဒုတိယဗိုလ်မှူးကြီးအုန်းသိန်း-ဒေါ်စပယ်၊ ဦးထွန်းထွန်း-ဒေါ်ညိုညိုဝင်း (ထွန်းသစ်ဆိုင်)၊ ဦးကိုကိုဇော် (အောင်ငွေစံ ကုမ္ပဏီလီမိတက်) - ဒေါက်တာချိုမာလှိုင်(လ/ထ ကထိက၊ အထွေထွေရောဂါကုသမားတော်၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး)တို့၏မိခင်၊ မြေးကိုးယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၂-၂၀၀၄ ရက်(တနင်္လာနေ့) ည ၁၁း၂၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း (S.S.C)၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၄-၂-၂၀၀၄ရက် (အင်္ဂါနေ့) တွင် ထိန်ပင်သုသာန်၌သဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးမျိုးဦး

အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၇၀)ရပ်ကွက်၊ညီညွတ်ရေးလမ်း၊အမှတ် ၆၉၀ နေ ဦးထွန်းတင်(ဦးသောဗန)-ဒေါ်တင်မြတို့၏သားငယ်၊ ဦးလှမြင့်-ဒေါ်စန်းငွေ၊ ဒေါ်လှငွေကြည်-ဦးတင်ညွန့်၊ ဦးမြင့်ဆွေ-ဒေါ်ချိုမာဝင်း၊ ဦးသန်းဝင်း(စည်ပင်၊ တ/ဥက္ကလာ)-ဒေါ်တင်တင်အေး (စည်ပင်၊ မြို့တော်ခန်းမ)၊ ဒေါ်စန်း-ဦးကြင်လှ(တပ်မတော်သဘောဆေးစက်ရုံ)၊ ဒေါ်ချိုချိုဝင်း-ဦးရဲလင်း(ကုန်သွယ်/လယ်ယာ)၊ မတင်တင်မော်၊ မနွယ်နွယ်ငွေ-ဦးဉာဏ်ထွန်းတို့၏ ညီ၊ အစ်ကို၊ ဒေါ်မြင့်မြင့်ရီ၏ခင်ပွန်း၊ မောင်နောင်လတ် (Gewin)၊ မောင်မျိုးသူရ (ဆဋ္ဌမတန်း-ခ၊ အလက-၁၊ ဒဂုံ)တို့၏ဖခင်သည် ၂၃-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒုရဲအုပ်ငွေလွင်

(လ-၂၀၇၄၀၆)

(ခမောက်ကြီး၊ကော့သောင်း)

အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာ ၄ လမ်း၊ အမှတ် ၁၆၆၆ (ခ)နေ ဦးဘအောင်-ဒေါ်ကျင်လှတို့၏သား၊ ဦးခင်ဇော်-ဒေါ်ခင်ဥမ္မာမြင့်၊ ဦးအောင်ဝင်း-ဒေါ်စန်းစန်းရီ၊ ဦးမင်းသန့်-ဒေါ်ခင်ဥမ္မာဝင်းတို့၏ညီ/မောင်၊ ကိုစန်းယု-မငယ်ငယ်တို့၏အစ်ကိုသည် ၂၁-၂-၂၀၀၄ရက်တွင် ကော့သောင်းမြို့ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ကော့သောင်းမြို့သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမိုးသူရ(ခ)မောင်မောင်(ခ)

Charly

Neptune Co.,Ltd (S'Pore)

Stema Bulk (USA)

Lizstar Enterprise Co.,Ltd.

CYC Co.,Ltd.(Hong Kong)

(ရန်ကင်း၊ဒေးဒရဲ)

အသက်(၄၀)

ချောင်းဆုံမြို့၊ မရမ်းရွာနေ (ဦးဘတင်-ဒေါ်ညိုမြ)၊ဒေးဒရဲမြို့နေ(ဆရာကြီးဦးငွေဇင်-ဆရာမကြီးဒေါ်စိန်တင့်)တို့၏မြေး၊ တိုက်အမှတ် ၃၅၇၊ အခန်းအမှတ် ၁၂၊ အနောက်ရန်ကင်းနေ (ဦးသိန်းတင်၊ ဌာနစိတ်မှူး၊ ငြိမ်း၊ PPSC)-ဒေါ်ကြည်ကြည်(လ/ထ ကထိက၊ ငြိမ်း၊ YTTC) တို့၏တစ်ဦးတည်းသောသား၊ချောင်းဆုံမြို့၊မရမ်းရွာနေ ဦးဘိုးသောင်း-ဒေါ်သန်းတို့၏သားသမက်၊ မသော်တာလွင်(ခ) ဘုတ်ဘုတ်၏ ခင်ပွန်း၊ ဒေါ်မိုးစန္ဒာ (B.Sc, Bot)-ဦးကျော်သူရ [NOT 2nd Class Part A(F.G)]တို့၏ မောင်၊မမိုးပွင့်ဖြူ [AGTI (E.P) 2nd Year Phy]၊ မောင်လင်းသူရ (နဝမတန်း)တို့၏ဦးလေးသည် ၂၂-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးတိက္ခဉာဏ (ခ) ဦးစိုးတင့်

သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၄)ဝါ

ဟသ်ာတမြို့နယ်၊ ငွေးတောက်ကွင်းကျေးရွာနေ (ဦးဘိုးဆင့်-ဒေါ်ညှက်) တို့၏သား၊ ကျိုက်လတ်မြို့နယ်၊ ကျုံကလွတ်ကျေးရွာနေ (ဦးမောင်ခင်-ဒေါ်စိန်တုတ်)တို့၏သားသမက်၊ အမှတ် ၃၉၊ မင်းလမ်း၊ ဆရာစံတောင်၊ စံပြရပ်ကွက်နေ ဒေါ်သန်းအိ၏ခင်ပွန်း၊ ဦးကျော်သန်း-မစမ်းစမ်းဝင်း၊ ကိုတင့်နိုင်-မစမ်းစမ်းလှဲ၊ ကိုခင်မောင်လတ်-မအေးအေးမော်၊ ကိုကျော်နိုင်-မဝင်းပပမိုး(ခ)သဲသဲတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၄-၂-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၈-၂-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယကာကြီး

ဦးကြီးငွေ (ဖျာပုံ)

(ခါတော်မှီဆန်စက်)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၅၊ ၁၄ လမ်းနေ ခါတော်မှီဆန်စက်ပိုင်ရှင် (ဦးခိုင်စိုး-ဒေါ်သန်း) တို့၏သား၊ ဖျာပုံမြို့နေ (ဦးကြီးစိန်)-ဒေါ်ကျင်မြ (မြသီတာ သက်န်းတိုက်)၊ (ဒေါ်ကျင်ယုံ)၊ (ဦးအောင်ထွန်း-ဒေါ်စန်းမြင့်)၊ (ဦးကျင်မောင်)-ဒေါ်မြမြတို့၏ ညီ/မောင်၊ ဦးကြီးအောင်-ဒေါ်အေးမြင့်၊ ဗိုလ်မှူးအောင်သန်း(ငြိမ်း)-ဒေါ်အမာ၊ ဦးထွန်းအေး-ဒေါ်ခင်ဆင့်၊ ဦးအေးသောင်း-ဒေါ်နုရင် (Green Cross)၊ ဗိုလ်မှူးမြင့်ဆွေ(ငြိမ်း) - ဒေါ်မြင့်မြင့် (အေးချမ်းမြေ ဆန်ရောင်းဝယ်ရေး) တို့၏အစ်ကိုသည် ၂၃-၂-၂၀၀၄ရက် နံနက် ၂း၃၀ နာရီတွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်ထွေးနွယ်

အထက(၁)၊ကလော

အသက်(၆၁)နှစ်

(ဦးစဝ်နော်မြ-ဒေါ်စဝ်သူဇာရီ)တို့၏ သမီး၊ (ဦးအင်ဆိုင်)၏ဇနီး၊ (မနင်းပပခိုင်)၊ ကိုသူရအောင်-မနန်းသက်သက်ခိုင်(Craster Enterprise Ltd.)၊ မနန်းမိုမိုဟန်(ရိုးမဘဏ်၊ လှိုင်သာယာ) တို့၏မိခင်၊ မောင်စိုးဝေယံအောင်၏ အဘွား အမှတ် ၅၆၊ ရွှေဟသ်ာလမ်း၊ ခြောက်မိုင်ခွဲ၊ လှိုင်မြို့နယ်နေ ဒေါ်တင်ထွေးနွယ်သည် ၂၄-၂-၂၀၀၄ရက် ညနေ ၄နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမျိုးဦး

အသက်(၄၂)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၆ လမ်း၊ အမှတ် ၁၆နေ (ဦးလှထွန်း)-ဒေါ်သန်းမြတို့၏ သားသမက်၊ ဒေါ်စန်းစန်းရီ-ဗိုလ်မှူးချိုဝင်း(တွဲဖက်အတွင်းရေးမှူး၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)၊ဦးစိန်ဝင်းအောင်(M.T.M)-ဒေါ်မာရီနွဲ့၊ဦးစိန်ဝင်းမောင်(Gewin)-ဒေါ်တင်တင်ဝင်း၊ ဒေါ်စီစီမာ-ဦးတင်မောင်မြင့်(Monsoon)၊ ဒေါ်အေးအေးမာ-ဦးဝင်းမော်(Gewin)၊ ဒေါ်ရီရီမာ၊ ဦးမိုးသန်းထွန်း (Eastwind)-ဒေါ်သီသီလှိုင်တို့၏ ညီ/အစ်ကို၊ ဒေါ်မြင့်မြင့်ရီ၏ခင်ပွန်း၊ မောင်နောင်လတ် (Gewin)၊ မောင်မျိုးသူရ (ဆဋ္ဌမတန်း-ခ၊အလက-၁၊ ဒဂုံ)တို့၏ဖခင်သည် ၂၃-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ တာမွေမြို့နယ်၊ ၁၆၆လမ်း၊အမှတ် ၁၆ နေအိမ်၌ ၂၉-၂-၂၀၀၄ရက်တွင် ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တပဏ္ဏာဝံသ မဟာထေရ်

သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၂)ဝါ

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ ကျောက်တန်းကျေးရွာ၊ သီရိမင်္ဂလာမဟာဗောဓိရွှေကျောင်းတိုက်၏ ပဓာနနာယက သီရိမင်္ဂလာမဟာဗောဓိ ရွှေကျောင်းဂိုဏ်း၏ ဂိုဏ်းချုပ် ရဋ္ဌဂုရုမဟာတ္တလဋ္ဌိပေသလ သိက္ခာကာမဖြစ်တော်မူသော ဘဒ္ဒန္တပဏ္ဏာဝံသ အရှင်သူမြတ်သည် တပေါင်းလဆန်း ၄ ရက် (၂၃-၂-၂၀၀၄ရက်) တနင်္လာနေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် တပေါင်းလဆန်း ၁၂ ရက် (၂-၃-၂၀၀၄ရက်) အင်္ဂါနေ့တွင် သီရိမင်္ဂလာမဟာဗောဓိရွှေကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဦးသာဇံလှ

B.V.S°(Ygn) 1974

(ဒုတိယညွှန်ကြားရေးမှူး)

(စိုက်ပျိုးရေးနှင့်စီမံကိန်းဦးစီးဌာန)

(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ နည်းပညာတက္ကသိုလ်ဝင်းအတွင်း၊ ၁၅(ဘီ)၊ ဆရာများရိပ်သာနေ (ဦးမြထွန်းကျော်)-ဒေါ်စံသာဖြူတို့၏သား၊ ဒေါ်အောင်စိန်မြ၏မောင်၊ ဒေါ်သန်းသန်းဝင်း (ပါမောက္ခ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၏ခင်ပွန်း၊ မောင်ရွှေဇံအောင်-မစန္ဒာဉာဏ်ဝင်း၊ မောင်ဇံအောင်လင်းတို့၏ဖခင်၊ မောင်ခန့်၏အဘိုးသည် ၂၄-၂-၂၀၀၄ရက် (အင်္ဂါနေ့) ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သဂြိုဟ်မည့်ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးတင်ညွန့်

OTS အပတ်စဉ်(၄၅)

အသက်(၅၄)နှစ်

သံတွဲမြို့နေ (ဦးပြုံကြီး)-ဒေါ်စောနုတို့၏သား၊ အမှတ် ၃၆/၅၆၄၊ ရွှေပြည်သာ စက်မှုဒေသလမ်း၊ ရွှေပြည်သာ စက်မှုဇုန်နေ ဒေါ်ကျင်သန်း၏ခင်ပွန်း၊ ကိုသန်းထွန်း-မခက်ခက်စိုး၊ ဗိုလ်ကြီးသိန်းထူး-မပိုပိုလီမွှာ၊ ကိုရဲဝင့်ထွဋ်တင် (Bagan Cyber-Tech)၊ကိုဇမ္ဗူထွန်း (2nd Mate F.G)-မသာသာလီမွှာတို့၏ဖခင်၊ မောင်ကောင်းခန့်ဇော်၊ မောင်ဟိန်းလင်းထူးတို့၏ ဘိုးဘိုးကြီးသည် ၂၄-၂-၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်ပါ၍ ၂၆-၂-၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် တပ်မတော်ဆေးရုံကြီး အအေးတိုက်မှမင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဆွာကျင်းဝေ(ခ)ဦးမောင်ချစ်

(ကျောက်တန်းမြို့)

အသက်(၉၀)

ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်နေ (ဒေါ်ကျင်မွှေး)၏ခင်ပွန်း၊ [ဦးကြည်ခင်(ခ)ဦးမွန်ဝှက်]-ဒေါ်စွမ်တီ၊ ဦးဟန်စိန်(စိန်နဂါးဆေးဆိုင်)-ဒေါ်မြရီ၊ ဦးဉာဏ်ထွန်း-ဒေါ်ကြူကြူ၊ ဒေါ်စန်းစန်းထွေး(ခ)ဒေါ်ရှုတို့၏ဖခင်သည် ၂၄-၂-၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၅း၁၀ နာရီတွင် ကျောက်တန်းမြို့ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် အနောက်ပိုင်းတရုတ်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (ကျောက်တန်းမြို့ နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်လှလှ (ဟသ်ာတ)

လက်ထောက်ကထိက(ငြိမ်း)၊ သမိုင်းဌာန

အသက်(၄၉)နှစ်

ဟသ်ာတမြို့၊ဥယျာဉ်မြောက်ရပ်ကွက်၊ နတ်မော်လမ်းနေ (ဦးမောင်အေး)-ဒေါ်မြတင်တို့၏သမီးကြီး၊ (ဦးသန်းတင်-ဒေါ်လှရင်)တို့၏တူမ၊ ရန်ကုန်မြို့၊ အမှတ် ၁၅ (ငါးလွှာ)၊ ရှင်စောပုဘုရားလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးကြည်ဝင်း(ကထိက၊ ငြိမ်း၊ ရူပဗေဒဌာန)၏ဇနီး၊ မသိုက်သိုက်၊ ကိုခင်မြင့်၊ ကိုငွေးဝင်း-မရင်မြင့်၊ကိုဝင်းငွေး၊ကိုသိန်းတန်၊ ကိုသိန်းထွန်း-မနော်အားမေ၊ မမြင့်မြင့်တို့၏အစ်မသည် ရန်ကုန်မြို့ ဗဟိုစည်အထူးကုဆေးခန်း၌ ၂၃-၂-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (စမ်းချောင်း နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး

ဦးလှထွန်း

ဇေယျာကျော်ရုပ်ရှင်ဖြန့်ချိရေး (အတွင်းရေးမှူး)

မုံလယ်တောရမမှူရိပ်သာ ၁၀မိုင်ကုန်း၊ပဲခူး

စိန်မိုက်ကယ်ကျောင်းသားဟောင်း ရွှေတောင်တန်း၊ကျူမငေးမြို့

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ အမှတ် ၄၀၂(အေ)နေ (ဦးလှအောင်)-ဒေါ်ခင်ညွန့်တို့၏သား၊ (ဦးလေးမောင်-ဒေါ်သောင်းသောင်း)တို့၏ သားသမက်၊ ဒေါ်ခင်မေစီ၏ခင်ပွန်း၊ မအိဖြူထွန်း (Yoma Bank)၊ မောင်ကျော်ဇေယျာထွန်း၊ မောင်စိုးငြိမ်းကျော်တို့၏ ဖခင်သည် ၂၃-၂-၂၀၀၄ရက် နံနက် ၆ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပြီဖြစ်ပါ၍ ၂၅-၂-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုနိုင်လင်း

(ထိပ်တန်းအောင် ဆန်ဆိုင်၊ ပုဇွန်တောင်ဈေး)

အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ အမှတ် ၄၀၊ ကျီတော်လမ်းနေ (ဦးကြင်)-ဒေါ်သန်းမြင့်တို့၏သား၊ ခရမ်းမြို့နယ်၊ ကမာချိုက်ကျေးရွာနေ ဦးမြသန်း-ဒေါ်လှကြည်တို့၏သားသမက်၊ ကိုမျိုးမင်း-မသဇင်မွှေး၊ ကိုစိုးထွဋ်-မသီတာခင်၊ ကိုစိုးနိုင်-မခင်ခင်ဖြူတို့၏ ညီ/မောင်၊ မခင်ခင်မြင့်၏ခင်ပွန်း၊ မသူဇာဖြိုး၊ မနှင်းဝတ်ရည်၏ဖခင်သည် ၂၃-၂-၂၀၀၄ ရက် ၁၀း၄၅ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ် ၁၀၄၊ (ငါးလွှာ)၊မြောင်းကြီးလမ်း၊(၉)ရပ်ကွက်၊ ပုဇွန်တောင်နေအိမ်နှင့်ပုဇွန်တောင်ဈေးမှ ကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

မမြင့်မြင့်တင်

ရန်ကုန်မြို့တော်စည်ပင်သာယာ၊ ဗဟိုကုန်ရုံ(ငြိမ်း)

အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၄)ရပ်ကွက်၊ကန်သာယာလမ်း၊အမှတ် ၈၁၅ နေ ဦးတင်ဦး(ဌာနခွဲမှူး၊ ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာ)-(ဒေါ်သန်းမြင့်)-ဒေါ်မေမေထွန်း(မီးအာမခံဌာန)တို့၏သမီး၊ဒေါ်မြင့်မြင့်ဦး(ကထိက၊ သတ္တဗေဒဌာန၊ဒဂုံတက္ကသိုလ်)၊ ဗိုလ်မှူးတင်မောင်သန်း (ဒုတိယတပ်ရင်းမှူး)-ဒေါ်ပြုံးပြုံးထွန်းတို့၏ညီမ၊ ကိုတင်မောင်မြင့်၊ ကိုတင်မြင့်ထွေးတို့၏ အစ်မ၊ (ကိုအောင်နိုင်)၏ဇနီး၊ မအိသဉ္ဇာဦး (စတုတ္ထတန်း-ဘီ၊ အထက-၂၊ ဒဂုံ)၏ မိခင်၊ တူ တူမ နှစ်ယောက်တို့၏အဒေါ်သည် ၂၃-၂-၂၀၀၄ရက်(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း
လားရှိုးမြို့လယ် သာသနဇောတိကသိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားဆောင်ရေစက်ချပွဲကြည်ညို

ရေကန်တောင်တော်ရှိ တိလောကဝိဇယ ဆုတောင်းပြည့်စေတီတော်ကို ဖေဖော်ဝါရီ ၂၂ ရက်က ကြည်ညိုဖူးမြော်ဖူးတွေ့ရစဉ်။ (သတင်း-ဂ) (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ မြို့လယ်ပရိယတ္တိစာသင်တိုက်၌ တည်ဆောက်ပြီးစီးသွားသည့် သာသနဇောတိကသိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားကျောင်းဆောင် ရေစက်ချလှူဒါန်းပွဲနှင့် လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် လားရှိုးမြို့ မြို့လယ်ပရိယတ္တိစာသင်တိုက် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး သာသနဇောတိကသိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်တို့နှင့် ဆက်စပ်သည့် စာရွက်စာတမ်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဒေသခံများကြည်ညို

အခမ်းအနားသို့ လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များမှ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ

စာမျက်နှာ ၆ ကော်လံ ၄ ▼

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့လယ်ပရိယတ္တိစာသင်တိုက် သာသနဇောတိကသိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားဆောင် ရေစက်ချလှူဒါန်းပွဲတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာထံ သိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်တို့နှင့်ဆက်စပ်သည့် စာရွက်စာတမ်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံသူနာပြုအသင်းကြီး ပြည်သူ့အကျိုးပြုအဖွဲ့အစည်းကြီးအဖြစ် ယနေ့တိုင်ရပ်တည်နေ
အရည်အသွေးမြင့်သူနာပြုများမွေးထုတ်ပေးနိုင်ရေး အဆင့်မြင့်ပညာရပ်များသင်ယူစေလျက်ရှိ
နိုင်ငံတော်အားပေးမှုနှင့် သူနာပြုများကြိုးပမ်းမှုပေါင်းစည်းပြီး ပြည်သူ့အကျိုးစွမ်းအားပြည့်အသုံးချ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံသူနာပြုအသင်း (၄၉)ကြိမ်မြောက် သူနာပြုညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✳

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံသူနာပြုအသင်း(ဗဟို)က ဆောင်ရွက်လျက်ရှိသော လူထုအခြေပြု အိမ်တွင်းပြုစုမှု လုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ သူနာပြုအသင်းများ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ဆောင်ချက် မှတ်တမ်းဓာတ်ပုံပြခန်းကို ကြည့်ရှုကြစဉ်။ **(သတင်းစဉ်)**

ယနေ့ထုတ်ခေါင်းရေ ၂၀၀၁၈၂

25-2 (20).p65 1 3/26/05, 7:22 PM